ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ သောကြာနေ့၊ (18-3-2011) (၆၇၀၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ကြေးမုံ
The Mirror
၁၈-၃-၂၀၁၁
(သောကြာနေ့)

ခက်လက်ဝေစည် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုသည် မွေးဖွားကြီးပြင်းချိန်မှ သေဆုံးချိန်အတွင်း လူသားတို့၏ ပြောဆိုသော ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများမှသည် လူမှုဆက်ဆံရေး၊ ရိုးရာဓလေ့ထုံးစံ၊ အတွေးအခေါ်၊ လက်မှုပညာနှင့် အနုသုခုမပညာတို့အထိ လွှမ်းခြုံဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့သည်။ မြန်မာ့မြေ မြန်မာ့ရေပေါ်တွင် လူသားမျိုးနွယ်အဖြစ် စတင်ပေါ်ပေါက်လာသည်မှ အစပြု၍ ယဉ်ကျေးမှုနယ်ပယ်အသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ မိမိနိုင်ငံနှင့်လူမျိုး ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းရန် တာဝန်ရှိသည်။ မိမိတို့ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမရှိပါက နိုင်ငံနှင့် လူမျိုးပါပျောက်ကွယ်သွားနိုင်သည်ကို အစဉ်သတိပြုကြရပေမည်။

ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုများ ပေါ်ပေါက်လာနေသည်။ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်လာမှုကြောင့် အတွေးအခေါ် အသိအမြင်များ တိုးတက်လာခြင်းသည် အပေါင်းလက္ခဏာဖြစ်သည်။ ခေတ်နှင့်အညီ အတတ်ပညာဗဟုသုတများ မြင့်မားလာခြင်းသည် ကောင်းသောလက္ခဏာရပ်ဖြစ်သည်။ သို့သော် ပြည်ပနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် လူနေမှုဓလေ့စရိုက်များ စိမ့်ဝင်ထိုးဖောက်ပျံ့နှံ့လာခြင်းကိုမူ သတိပြုကြရပေမည်။

ယခုအခါ မြန်မာ့လူမှုပတ်ဝန်းကျင်တွင် အမြင်မတင့်တယ်သည့် နေထိုင်ဆက်ဆံမှု၊ ဝတ်စားဆင်ယင်မှုနှင့် တေးဂီတသီဆိုတင်ဆက်မှုများကို အတုယူ ကျင့်သုံးလာကြခြင်းကိုမူ ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်လာပြီဖြစ်သည်။

အများပြည်သူ သွားလာနေသည့် လူမှုပတ်ဝန်းကျင်၊ အမျိုးကောင်းသားသမီးများ စီးနင်းလိုက်ပါလာသည့် ယာဉ်၊ တေးဂီတသီဆိုတင်ဆက်မှုများတွင် မလုံမခြုံဝတ်စားဆင်ယင်နေမှုများ တွေ့မြင်လာရသည်။ ဟီရိသြတ္တပ ကင်းမဲ့သည့် နေထိုင်ဆက်ဆံမှုများ ပြုလုပ်လာကြသည်။ ပြည်ပယဉ်ကျေးမှု၊ ဝတ်စားဆင်ယင် နေထိုင်ဆက်ဆံမှုများကို ခေတ်မီဆန်းသစ်သည်ဟု ယူဆကာ အတုယူပြောင်းလဲကျင့်သုံးလာခြင်းမျိုးကို မြန်မာ့ယဉ်ကျေးမှုရှုထောင့်မှ ထိန်းသိမ်းကြရန် တာဝန်ရှိသည်။

နိုင်ငံသူ၊ နိုင်ငံသားတိုင်း အမျိုးကိုချစ်သည့် စိတ်ထား အမျိုးစောင့်တရား ရင့်သန်ကြွခိုင်ရန် လိုအပ်သည်။ အမျိုးကိုချစ်ခင်စောင့်ရှောက်ခြင်း၊ ရိုးရာဓလေ့စရိုက်နှင့်အညီ ဝတ်စားဆင်ယင် နေထိုင်ခြင်းသည် အမျိုးသမီးတို့၏ သိက္ခာ၊ အမျိုးသမီးတို့၏ တန်ဖိုးနှင့် ဆက်စပ်ယှက်နွယ်မှုရှိသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များ အပါအဝင် ပြည်သူများအားလုံးကို အသီးတစ်ရာ အညှာတစ်ခု မြန်မာ့ယဉ်ကျေးမှုပင်စည် ခက်လက်ဝေဖြာ တည်တံ့ခိုင်ခံ့နေစေရေး အလေးထားပြီး ယဉ်ကျေးသိမ်မွေ့စွာ ပြုမူနေထိုင်သွားကြရမည် ဖြစ်ပါသည်။ ။

Fortune Int'l Ltd. နှင့် Concordia Int'l Co., Ltd. တို့ ပူးပေါင်း၍ အထူးဈေးရောင်းပွဲတော် ကျင်းပမည်

နေပြည်တော် မတ် ၁၇

Fortune Int'l Ltd. နှင့် Concordia Int'l Co., Ltd.တို့ ပူးပေါင်း၍ အထူးဈေးရောင်းပွဲတော်ကို မတ် ၁၈ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ကျောက်တံတားမြို့နယ်ရှိ Central Hotel ၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဈေးရောင်းပွဲတော်တွင် Fortune Int 'l Ltd. မှ Sigma ဓာတ်လှေကား၊ စက်လှေကား၊ ရွေ့လျား လျှောက်လမ်းများ၊ Shenou တယ်လီဖုန်းလိုင်းခွဲစနစ်များ၊ HYT ဆက်သွယ်ရေးစက်များ၊ လျှပ်စစ်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းသုံးပစ္စည်းများ၊ Hengtong မီးကြိုးနှင့် Fiber Optics ကြိုးများ၊ Samyung ရေကြောင်းသုံး Radar, GPS Plotter, Echo Sounder များ၊ MTU နှင့် Daewoo အင်ဂျင်များ၊ မီးစက်များ၊ အသည်းရောင် အသား‌ဝါ (B) ကာကွယ်ဆေး (Livovex B) နှင့် အသည်းအားဆေး Hepasel၊ အသည်းရောင် အသားဝါ ဘီ နှင့် စီ ကုသနိုင်သည့် Cycloferon နှင့် Reamberin ဆေးများ၊ Albumin နှင့် အခြားဆေးများ တိရစ္ဆာန်ဆေးအမျိုးမျိုးနှင့် ခွေး၊ ကြောင်အစာများ (Pet Food) တို့ ပါဝင်ပြီး Fiber Optics Cable ဖြင့် အိမ်အရောက် အင်တာနက်ဖြင့် ဖုန်းဆက်သွယ်သောစနစ် FTTH၊ မိမိ (GSM) သို့မဟုတ် (CDMA 450) ဖုန်းအားခေါ်ဆိုသူများ စောင့်ဆိုင်းချိန်တွင် မိမိရွေးချယ်ထားသောသီချင်း ကြားစေသောစနစ်များကို ရှင်းလင်းပြသသွားမည်ဖြစ်သည်။

Concordia Int'l Co., Ltd. မှ Fuji Xerox အမှတ်တံဆိပ် ကာလာလေဆာ copier, printer, Scanner, Fax များ၊ AO Size Plotter များ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သွေးချိုတိုင်းကိရိယာ၊ သွေးပေါင်ချိန်တိုင်း စက်များ Oxygen Concentrator, Patient Monitor များ၊ RTK နည်းပညာသုံး Differential GPS များ၊ Topcon အမှတ်တံဆိပ် Total Station များ၊ Digital Theodolite များ၊ Auto Level များ၊ Garmin အမှတ်တံဆိပ် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသုံး GPS များ၊ GPS နှင့် Phone များ၊ ELE အမှတ်တံဆိပ် မြေကြီးနှင့် Concrete အရည်အသွေးစမ်းသပ်သည့် စက်များနှင့် ရွှေဆိုင်သုံး ဒီဂျစ်တယ် ချိန်ခွင်များ၊ စက်မှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းသုံး ဒီဂျစ်တယ် ချိန်ခွင်များနှင့် သားငါးပုစွန်၊ စားသောက်ကုန်၊ ဆန်၊ ပဲ၊ ဂျုံနှင့် အခြားသီးနှံ ထွက်ကုန်များကို ချိန်တွယ်ရာတွင် လျင်မြန်တိကျစွာ ချိန်တွယ်နိုင်သည့် အသစ်ရောက်ရှိလာသော Discovery အမှတ်တံဆိပ် ဒီဂျစ်တယ် ချိန်ခွင်များကိုလည်း ပြသရောင်းချသွားမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက Fortune Int'l Ltd. ရန်ကုန် အမှတ်(၁၁/၁၂) ဗဟိုစည်အိမ်ရာ လမ်းမတော်မြို့နယ် ဖုန်း-၀၁-၂၁၁၃၉၂ ~ ၄ ၊ ၂၂၃၉၀၆ ~ ၇၊ မန္တလေးမြို့တွင် Great Wall Plaza အခန်းအမှတ် (T4- T5) 31st & 78th Street ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၉၆၃၁~၂၊ နေပြည်တော် အမှတ်(၁၃၉) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၉၂၉၊ ၀၆၇-၄၂၁၁၈၃ ~ ၈၆နှင့် Concordia Int'l Co., Ltd. ရန်ကုန် (၃/၅)လွှာ ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၄၈၂၄၊ ၅၄၄၈၁၇၀၊ ဖက်စ် ၅၄၄၁၉၉၊ မန္တလေး အမှတ်(၅) မြေညီထပ် (SY) တိုက်တန်း လမ်း (၃၀) (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈ နှင့် ၆၉၃၀၃၊ နေပြည်တော် အမှတ်(၁၄၄) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉ နှင့် ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ (၇၉)ကြိမ်မြောက် ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲ စာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ (၇၉)ကြိမ်မြောက် ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို မတ် ၁၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန် အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော်သြဝါဒါစရိယ ဘုရားဖြူကျောင်းတိုက်ပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာဘိဝံသထံမှ ဩဝါဒကထာ...

မဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာဘိဝံသထံမှ ဩဝ့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဝိနယာနုဂ္ဂဟအသင်းကြီးဥက္ကဋ္ဌ ဦးမြင့်ဆွေက စာအောင်ဆုနှင်းသဘင် အခမ်းအနား ကျင်းပရခြင်းကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သာသနာရေးဦးစီးဌာန တိုင်းဒေသကြီး သာသနာရေးဦးစီးမှူး ဦးဇော်ဇော်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝိနယာနုဂ္ဂဟအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များက ဝိနယပါရဂူ စာချတန်း၌ ဝိနည်းတော်ငါးကျမ်းကို တစ်နှစ်တည်း၊ တစ်ကြိမ်တည်း ဂုဏ်ထူးဖြင့် ဖြေဆိုအောင်မြင်တော်မူခဲ့သော ဒေါပုံမြို့နယ် သာသနာ့အလင်းရောင်ကျောင်းတိုက်မှ အရှင်ဂုဏဝံသ အပါအဝင် စာအောင်သံဃာတော် အရှင်မြတ် ၁၇၆ ပါးတို့အား စာအောင်ဆုနှင့် အောင်လက်မှတ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**(သတင်းစဉ်)

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၁၇

မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ မီးစက်နှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို မတ် ၄ ရက် နံနက် ၁၀ နာရီတွင် ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့နေ ဒေါ်နန်းစံခမ်းနှင့် ဒေါ်နန်းစံဟွမ် (ကုံးထက်ရေခဲမုန့်နှင့် ကြက်ဆီထမင်း) မိသားစုတို့က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားကြပြီး မီးစက်၊ ECG စက် လေးလုံး၊ အောက်ဆီဂျင်စက် လေးလုံး၊ အသက်ရှူစက်တစ်လုံး၊ ခုတင် လေးလုံး၊ စတီးကျောမှီ အလုံး ၂၀၊ နှလုံးဝေဒနာသည်သုံး စားပွဲ လေးလုံး၊ ချွဲစုပ်စက်လေးလုံး၊ ချွဲကြေစက်ငါးလုံး၊ လူနာတင်လှည်း သုံးစီး၊ လူနာတင်ကုလားထိုင် နှစ်လုံး၊ လူနာမော်နီတာ နှစ်လုံး စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၂၀၀ ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်ဝင်းနှင့် ဆရာဝန်ကြီးများက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

မန္တလေးမြို့နေ ဒေါ်နန်းစံခမ်းနှင့် ဒေါ်နန်းစံဟွမ် မိသားစုက မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ မီးစက်နှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်ဝင်း လက်ခံစဉ်။

(သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၇

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၂၊ အမှတ် ၂၂ ကို မတ် ၁၅ ရက် (အင်္ဂါနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ Star Movies ရုပ်သံလိုင်းတွင် ပြသမည့် Boris And Natasha,The Honeymooners,Unrivaled, Walk Hard,The Other Side, My Neighbor's Secret,Destrict 13 Ultimatum,Shadow Man, National Security, The Stranger, The Forigner,The Net,From Paris With Love, Whip It, Still Waiting, Maximun Risk စသည့် ဇာတ်ကားကောင်းများ၏ Highlight များ၊ Star World ရုပ်သံလိုင်းတွင်ပြသမည့် Glee ရုပ်သံဇာတ်လမ်းတွဲ၊ Channel V ရုပ်သံလိုင်းတွင် ကြည့်ရမည့် Road To Asian Film Awards အာရှရုပ်ရှင်ဆုပေးပွဲ၊ Animal Planet ရုပ်သံလိုင်းတွင် ပြသမည့် တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်မှုသဘာဝများနှင့် လင်းပိုင်များအကြောင်း ပြသသည့် အစီအစဉ်များ၊ အစီအစဉ်အားလုံးအား မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းမှ ရှေးဟောင်းမီးတောင်ကြီး ပေါက်ကွဲမှုအကြောင်း ပြသမည့်အစီအစဉ်၊ ကမ္ဘာ့အကြီးဆုံး ဖိမ်ခံသင်္ဘောကြီး၏ အလှအပများအား ကြည့်ရမည့် အစီအစဉ်နှင့် နှင်းတောင်ပြိုကျမှုများအား ပြသမည့် အစီအစဉ်၊ Nat Geo Wild ရုပ်သံလိုင်းတွင် သဘာဝအလျောက် နေထိုင်ကျက်စားကြသည့် တိရစ္ဆာန်များ၏ နေထိုင်မှုအလေ့အထနှင့် သဘာဝ၏ ဖြစ်စဉ်များအား ပြသနေသည့် အစီအစဉ်ကောင်းများ၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ၁၅ ရက်စာ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ၀၉-၇၃၀ ၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်လိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express (09-508085,391186) သို့ မှာယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

စလေ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

စလေ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ် ၂၄ရက် (ကြာသပတေးနေ့) နံနက် ၉နာရီခွဲတွင် ယင်းကျောင်း မြတမာခန်းမ၌ ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းများ တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ကိုသိန်းထွန်းအောင် ဖုန်း-၀၉-၆၅၆၅၆၅၅၊ ကိုသက်နိုင်ဝင်း ဖုန်း-၀၉-၅၁၉၆၄၂၉၊ မခိုင်ဇာဇာဝေ ဖုန်း-၀၉-၅၄၀၇၁၆၂နှင့် မယဉ်ယဉ်ထွေး ဖုန်း-၀၆၂- ၂၀၀၇၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စာအုပ်စာပေ လှူ့မိတ်ဆွေ

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ ဆက်လက်ကျင်းပ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေး ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် လာရောက်ကြည့်ရှုအားပေးသည်။

ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် နံနက် ၈ နာရီမှ စတင်ကာ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက လိုက်လံ၍ လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ပြပွဲကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင် ဒေါက်တာရဲမြင့်ဆွေတို့က(၄၈)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနှင့် ပြည်ပ ကျောက်စိမ်းကုန်သည်ကြီးများအသင်းများမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ယင်းနောက် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ညနေပိုင်းတွင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းလက်ဝတ်ရတနာပစ္စည်းအရောင်းဆိုင်များ၊ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ၏ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဝယ်ယူအားပေးနေမှုနှင့် တင်ဒါပုံးများ ဖွင့်ဖောက်စစ်ဆေးကြမည့်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ တာဝန်ရှိသူများအား ပြပွဲနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့တွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည် ၈၆၉၂ ဦး လာရောက်ကြ၍မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး မတ် ၁၄ ရက်မှ စတင်လျက် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ယနေ့အထိ ကျောက်စိမ်းအတွဲပေါင်း ၁၀၈၇၀ တွဲကို ရောင်းချနိုင်ခဲ့ကာ ကျောက်စိမ်းအတွဲများကို မတ် ၁၈ ရက်အထိ တင်ဒါစနစ်ဖြင့်လည်းကောင်း၊ မတ် ၁၉ ရက်မှ ၂၂ရက်အထိ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ဆက်လက် ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အဆိုပြု

ပြည်တွင်း ပြည်ပရတနာကုန်သည်များ ကျောက်စိမ်း အတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပြန်တမ်း

နေပြည်တော် မတ် ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းအောင်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံ ပညာအထက် တန်းကျောင်း၌ တာဝန်ရှိသူများ အားတွေ့ဆုံ မှာကြားစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းသည် ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ရောက်ရှိပြီး ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရုံးခန်း၌ ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့်တွေ့ဆုံကာ စာမေးပွဲရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ မိမိဆောင်ရွက်ရမည့် တာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာမေးပွဲဖြေဆိုမည့် အခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Myanmar New Year Exhibition 2011 ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသမည်

ရန်ကုန် မတ် ၁၇

MYANMAR ANAWRAHTA Business Group (Strong Source Co., Ltd.)သည် မြန်မာ့နှစ်သစ်ကူးအကြိုအဖြစ် Myanmar New Year Exhibition 2011 ကို ဧပြီ ၇ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသရန် စီစဉ်လျက်ရှိသည်။

ပြပွဲတွင် အဓိကပံ့ပိုးကူညီသော Shine Construction Co., Ltd. ၏ အိမ်ရာအရောင်းပြခန်းများနှင့် Kaung Myat Zaw Co., Ltd. မှ ဗီယက်နမ်နိုင်ငံထုတ် Viglacera အမှတ်တံဆိပ် အိမ်တွင်းအလှဆင် ပစ္စည်းအမျိုးမျိုး၊ ပူးတွဲကူညီသော Spice Wellcom နှင့် Do Co Mo တို့ ပူးပေါင်း၍ Wellcom ၏ နောက်ဆုံးပေါ် ဖုန်းနှင့်အခြားဆက်စပ်ပစ္စည်းများ၊ Family Entertainment ၏ Media ပိုင်းဆိုင်ရာတို့အပြင် Good Brother Co., Ltd., Myanmar Vsk Co., Ltd., Fudax Co., Ltd. တို့မှ အိမ်တွင်းအဆင့်မြင့်လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ၊ HITACHI မှ အဝတ်လျှော်စက်၊TV၊ရေခဲသေတ္တာ၊ Air Con များ၊ Futrue Step Co., Ltd. မှ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ H2 mobile မှ ဖုန်းအမျိုးမျိုး၊ Three Friends Trading Co., Ltd. ၏ လျှပ်စစ်ပစ္စည်းများ၊ AMTC Co., Ltd. မှ Plastic Ingention Mechine, Blow Moulding Machine နှင့် Auto Filling to Packing Machine စက်များ၊ STEP Co., Ltd. နှင့် အခြားအဝတ်အထည် ကုမ္ပဏီများမှ နာမည်ကြီး အထည်ဆန်းများ၊ E. A . C Co., Ltd. ၏ လူသုံးကုန်ပစ္စည်းများ၊ MAMEE Co., Ltd. ၏ ခေါက်ဆွဲအမျိုးမျိုး၊ Myanmar PRIDE INTERNATIONAL Ltd. မှ ARISTON, MURANO အိမ်သုံး အဆင့်မြင့် ပစ္စည်းများ၊ Zin 9 Co., Ltd. မှ စီထွာDigital မီးလင်းကတ္တား၊ Shinpo မှ Digital Scale အမျိုးမျိုး၊ MAZ မှ နောက်ဆုံးပေါ် ငွေရေစက်များနှင့် Caribbian တံဆိပ် ရေသန့်စက်များ၊ မြန်မာလေးညွင်းကုမ္ပဏီမှ NOW HOW, bsc, KMA, SHEEN ဧ, ARTY အလှကုန်ပစ္စည်းများ၊ EMP Co., Ltd. မှ Hanniel ခေါင်းလျှော်ရည်၊ Bonneal ဒဏ်ကြေလိမ်းဆေး၊ Sunny အချိုရည်၊ ရွှေကြာပန်းနို့မှုန့်၊ Crown နို့မှုန့်၊ Lucky ရွှေအိုးခေါက်ဆွဲ၊ ရွှေရည်မွန်၏ လက်ဖက်နှင့် ရှမ်းပြည်နယ်၊ ရှမ်းရိုးရာအစားအစာများ၊ ဝေစမ်းလက်ဖက်ခြောက်များ၊ Li Li Beauty Centre မှ အလှကုန်များ၊ Shieldox, Dettol, Happy Cow, Lucky Glass Ware များ၊ Lucky Man Co., Ltd. မှ GOOD YEAR တာယာများ၊ Living Product အမျိုးမျိုးတို့ကို အထူးဈေးနှုန်းများဖြင့် ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

ပြပွဲနှင့်ပတ်သက်၍ ဆက်သွယ် စုံစမ်းလိုပါကMYANMAR ANAWRAHTA Business Group (Strong Source Co., Ltd.) ဦးနေပိုင် ဖုန်း-၀၉-၅၁၉၅၈၇၈၊ ၀၉-၈၆၆၀၁၅၄၊ ဦးအေးချမ်းမင်း ဖုန်း -၀၉-၅၂၀၂၄၇၅တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

အလက(၃)စမ်းချောင်း(ကျောင်းဟောင်း) ပဉ္စမအကြိမ် မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၁၇

အလက(၃)စမ်းချောင်း(ယခင်-ကျွန်းတောလမ်း)၏ ၁၉၈၀-၁၉၉၈ပညာသင်နှစ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၃ရက် နံနက် ၁၀နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ(မည်သည့်စာသင်နှစ်မဆို)ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဆရာမ ဒေါ်ခင်သန်းအေး ဖုန်း-၀၁-၅၃၀၄၅၆၊ ဆရာမဒေါ်လှလှမြင့် ဖုန်း-၀၁-၅၀၄၈၀၁၊ ဆရာမ ဒေါ်တင်တင်ဝင်း ဖုန်း-၀၉-၇၃၀၀၃၅၂၃၊ ကိုတင်ထက်ကို ဖုန်း-၀၉-၇၃၀၇၀၅၆၉၊ ကိုအောင်ထွန်းဦး ဖုန်း-၀၉-၅၀၆၇၄၃၈၊ ကိုအေးထွန်း ဖုန်း-၇၃၀၇၂၆၈၉နှင့် ကိုစိုးမင်းအေး ဖုန်း-၀၉-၅၀၀၅၂၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မီးသုံးစွဲလျှင် သတိယှဉ် အစဉ်သတိအမြဲရှိ

ITF 14 & Under Asian Championships 2011 Group(I) တင်းနစ်ပြိုင်ပွဲသို့ပါဝင်ယှဉ်ပြိုင်ရန် မြန်မာတင်းနစ်အားကစားအဖွဲ့ ထွက်ခွာ

ရန်ကုန် မတ် ၁၇

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ မတ် ၂၁ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပမည့် ITF 14 & Under Asian Championships 2011 Group(I) တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ အဖွဲ့ဝင်နှစ်ဦးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားကြသည်။

မြန်မာလူငယ်တင်းနစ်အဖွဲ့ကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ဒေါ်ကြည်မေနုက အုပ်ချုပ်သူအဖြစ် လိုက်ပါဆောင်ရွက်ပြီး မြန်မာလူငယ်တင်းနစ်အမျိုးသမီးလက်ရွေးစင် မနီလာဝင်း လိုက်ပါသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးတင်ထူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ITF 14 & Under Asian Championships 2011 Group(I) တင်းနစ်ပြိုင်ပွဲ မကျင်းပမီ မတ် ၁၇ ရက်မှ ၂၀ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ Group(II)၊ Group (III) နှင့်Group(IV) တို့မှ ရွေးချယ်ထားသော လူငယ် တင်းနစ်လက်ရွေးစင်များသည် ITF မှရွေးချယ်ထားသော နည်းပြများနှင့် လေ့ကျင့်မှုများ ပြုလုပ်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် ITF 14 & Under Asian Championships 2011 Group(I) **တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ် တင်းနစ်အဖွဲ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။**

(သတင်းစဉ်)

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၆၁၅၁ ဒသမ ၁ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်

နေပြည်တော် မတ် ၁၇

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၁ ခုနှစ် မတ် ၆ ရက်အထိ ဘိန်းခင်း ၁၅၇၀၈ ဒသမ ၈ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မတ် ၇ ရက်မှ ၁၃ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းမှ ဘိန်းခင်း ၄၄၂ ဒသမ ၃ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် ဘိန်းခင်းစုစုပေါင်း ၁၆၁၅၁ ဒသမ ၁ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၄၄၂ ဒသမ ၃ ဧက အနက် ရှမ်းပြည်နယ် မိုင်းပျင်း၊ ကျိုင်းတုံ၊ မိုးမိတ်၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ လားရှိုး၊ မန်တုံနှင့် ဆီဆိုင်မြို့နယ်တို့မှ ၄၂၈ ဧက၊ ကချင်ပြည်နယ် ပူတာအိုမြို့နယ်မှ ၁၄ ဒသမ ၃ဧက ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

နိုင်ငံတော်အကြီးအကဲသည် နေပြည်တော်ရှိ ရဟန်းရှင်လူပြည်သူများအား ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရဘိသကဲ့သို့ ဖူးမြော်နိုင်ရန်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဉာဏ်တော်ထက် ၁ ပေသာလျှော့၍ ဉာဏ်တော်အမြင့် ၃၂၅ ပေရှိ ရွှေတိဂုံပုံတူစေတီတော်ကြီးကို တည်ထားကိုးကွယ်ရန် လမ်းညွှန်မှု ပေးခဲ့သည်။

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အနောက်မြောက်ဘက် ၂ မိုင် ၄ ဖာလုံခန့်အကွာရှိ သပြေတောင်အရှေ့မြောက် ဉပုသ်တောရကျောင်း ကုန်းကြောပေါ်ရှိ မြင့်မားထွတ်မြတ်သောကုန်းတော်ထက်၌ ဥပ္ပါတသန္တိစေတီတော်ကို တည်ထားကိုးကွယ်ပူဇော်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကုန်းတော်ကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တနာရဒနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သဒ္ဒိယဆရာတော်တို့ထံ ဩဝါဒခံယူပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော ရဟန်းရှင်လူပြည်သူအပေါင်း ဘေးဥပဒ်အန္တရာယ်အသွယ်သွယ် ကင်းဝေးစေပြီး ကောင်းကျိုးချမ်းသာကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေရန် ရည်ရွယ်လျက် ဥပ္ပါတသန္တိစေတီတော်တည်ဆောက်မှုလုပ်ငန်းများကို နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဗောဓိတစ်ထောင်ဆရာတော်နှင့် ရွှေသုဝဏ်ဆရာတော်တို့အား အမှူးထား၍ ဩဝါဒခံယူပြီးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

'ဥပ္ပါတ' ဖြစ်ပေါ်တွေ့ကြုံလာသည့် ဘေးအန္တရာယ်အားလုံးကို 'သန္တိ'ငြိမ်းအေးစေခြင်းဟူ၍ အနက်အဓိပ္ပာယ်ကိုရယူကာ ဥပ္ပါတသန္တိစေတီတော်ဟူ၍လည်းကောင်း၊ စေတီတော်တည်ထားသည့် ကုန်းတော်ကို ဥပ္ပါတသန္တိကုန်းတော်ဟူ၍လည်းကောင်း ပူဇော်သမုတ်ခဲ့ခြင်းဖြစ်သည်။ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးကို နေပြည်တော်၏ အလယ်ဗဟိုတောင်ညွှန့် တောင်ကုန်းထိပ်ပေါ်တွင် တည်ဆောက်ပူဇော်ထားသည့်အတွက် လွန်စွာသပ္ပာယ်၊ တင့်တယ်ရှုမော အံ့ဩဖွယ်ရာဖြစ်၍ ဖူးမြင်ရသူ ရဟန်းရှင်လူပြည်သူအပေါင်းတို့မှာ ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်တရားများ များစွာတိုးပွားဖွယ် ဖြစ်ပေသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဘုရားရှင်ပွင့်တော်မူရာ အိန္ဒိယသမ္မတနိုင်ငံမှ ပင့်ဆောင်ခဲ့သော ဂေါတမဘုရားရှင်၏ သရီရိကဓာတ်တော်စစ်ခြောက်ဆူ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှပင့်ဆောင်ခဲ့သော စွယ်တော်မြတ်ပွားတစ်ဆူနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်ခဲ့သော စွယ်တော်မြတ်ပွားတစ်ဆူတို့ကို ဌာပနာသွင်းပူဇော်ထားသည်ဖြစ်ရာ ဤစေတီတော်မြတ်ကြီးကို ပူဇော်ကြရသောလူ၊နတ်၊ဗြဟ္မာသတ္တဝါတို့အတွက် သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရဘိသကဲ့သို့ပင် အသင်္ချေယျအပ္ပမေယျ=မရေတွက်အပ်၊ မရေတွက်နိုင်၊ မနှိုင်းယှဉ်အပ်၊ မနှိုင်းယှဉ်နိုင်သော လောကီလောကုတ္တရာချမ်းသာအမျိုးမျိုးကို ရရှိနိုင်ပေသည်။

ဥပ္ပါတသန္တိစေတီတော်ကြီး၏ ထူးခြားချက်များမှာ ကုန်းတော်ပေါ်တွင် အရံစေတီအပါအဝင် အခြားအာရုံခံတန်ဆောင်းနှင့် ဓမ္မာရုံများ တည်ဆောက်ထားမှုမရှိခြင်း၊ အတွင်းဘက်တွင် အမြင့် ၇၃ ပေ မြင့်သော ပရိသတ် ၁၀၀၀၀ ဆံ့သည့် လိုဏ်ပါရှိခြင်းနှင့် လိုဏ်အတွင်း၌ ဉာဏ်တော် ၃ ပေ ၆ လက်မရှိ ကျောက်စိမ်းဆင်းတုတော်လေးဆူတို့အား ထည့်သွင်းပူဇော်ထားခြင်းပင် ဖြစ်သည်။

စေတီတော်၏ ဝတ္ထုကမြေအကျယ်အဝန်းသည် ၁၅၇ ဒသမ ၁၉ ဧကကျယ်ဝန်းပြီး တည်ထားကိုးကွယ်သည့် ကုန်းတော်အလယ်ဗဟိုသည် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၆ မိနစ် ၅၈ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၅၈ ဒသမ ၈ စက္ကန့်၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၁၉ ဒသမ ၇၆၁ ပေတွင် တည်ရှိသည်။

ဥပ္ပါတသန္တိစေတီတော်ကြီးကို ၂၈-၇-၂၀၀၆ ရက်တွင် မြေသန့်မဟာမင်္ဂလာပြုလုပ်၍ စတင်တည်ဆောက်ခဲ့ရာ ၇-၃-၂၀၀၉ ရက်တွင် ရွှေထီးတော်တင်လှူပြီးစီးခဲ့သည်။ စေတီတော်ကြီး တည်ဆောက်ရာတွင် မြန်မာ့ရိုးရာရှေးထုံးစဉ်လာမပျက်ခေတ်အဆက်ဆက်လက်ခံယုံကြည်လိုက်နာခဲ့ကြသော ပုဂံခေတ်၊ စစ်ကိုင်းခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ သာသနာဝင်ကျမ်း၊ အင်းဝခေတ်ရွှေဥမင်ဆရာတော်နှင့် တောင်ဖီလာဆရာတော်တို့၏ ဌာပနာပုံကျမ်း၊ ကုန်းဘောင်ခေတ် ဗိသုကာကျမ်းနှင့် သတ္တုရူပဝိကသနီကျမ်း၊ လွတ်လပ်ရေးခေတ် မြန်မာ့ရိုးရာပဋိမာသိပ္ပံမုဒြာကျမ်း အစရှိသော ကျမ်းဂန်စာပေများနှင့်အညီ နဝမင်္ဂလာကမ္မဟူသော မဟာမင်္ဂလာသဘင် အခမ်းအနားကိုးမျိုးတို့ကို မင်္ဂလာတော်အချိန်များဖြင့် ပြည့်စုံစွာဆောင်ရွက်ခဲ့သည်။

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အနောက်မြောက်ဘက် ၂ မိုင် ၄ ဖာလုံခန့်အကွာ သပြေတောင်အရှေ့မြောက် ဉပုသ်တောရကျောင်း ကုန်းကြောပေါ်ရှိ မြင့်မားထွတ်မြတ်သော ကုန်းတော်ထက်၌ တည်ထားကိုးကွယ်ပူဇော်ထားသော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။

ယင်းသို့ ဆောင်ရွက်ခဲ့ရာတွင် ၂၈-၇-၂၀၀၆ ရက်၌ အနန္တရာယိကမြေသန့်မဟာမင်္ဂလာ၊ ၄-၈-၂၀၀၆ ရက်၌ ပန္နက်တော်တင်တွင်းတော်ဝန်းမဟာမင်္ဂလာ၊ ၈-၂-၂၀၀၇ရက်၌ ရတနာအုတ်မြစ်စီ မဟာမင်္ဂလာ၊ ၉-၂-၂၀၀၉ရက်၌ သတ္တဌာနမူလဌာပနာတော်သွင်းမဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ၊ ၇-၉-၂၀၀၉ ရက်၌ အထက်ဌာပနာတော်သွင်းထီးတော်တင်မဟာမင်္ဂလာ၊ ၈-၃-၂၀၀၉ ရက်၌ ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တင်လှူခြင်းမဟာမင်္ဂလာ၊ ၉-၃-၂၀၀၉ရက်၌ ကြာသပိတ်၊ ရွှေကြာသင်္ကန်းနှင့် ဗုဒ္ဓါ ဘိသေကအနေကဇာတင်မဟာမင်္ဂလာတို့ပင်ဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်ကြီး၏ လိုဏ်အတွင်း၌ သစ္စာလေးပါး သရုပ်ဖော်မြန်မာမှုကြေးသွန်းလက်ရာမျက်နှာကြက်များ၊ ဖွား၊ ပွင့်၊ ဟော၊ စံ ကျောက်ထွင်းပန်းချီများနှင့် ရွှေဇဝါယွန်းမျက်နှာကြက်တို့ဖြင့် သပ္ပာယ်စွာ မွမ်းမံပူဇော်ထားသည်။ ဖွား၊ ပွင့်၊ ဟော၊ စံ ကျောက်ထွင်းပန်းချီများကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စကျင်တောင်၌ ထုလုပ်ခဲ့ခြင်းဖြစ်ပြီး ကျောက်ထွင်းဗုဒ္ဓဝင်ပန်းချီကားတစ်ချပ်သည် အလျား ၁၆ ပေ၊ အနံ ၁၁ ပေ၊ အထူ ၁၇ လက်မဖြစ်ပြီး ဗုဒ္ဓဝင်ပြခန်း ၂၄ ခန်းစလုံးကို စကျင်ကျောက်ဖြင့် ထွင်းထုထားခြင်းဖြစ်သည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍

ဥပ္ပါတသန္တိ စေတီတော်ကြီး၏ ဝတ္ထုကမြေအတွင်း တည်ဆောက်ထားသည့် ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်တွင် ကြည်ညိုဖွယ်ရာ၊ မှတ်သားဖွယ်ရာများ အစုံအလင်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၃-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်+မောရသုတ်+ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အမြင်ရှင်းမှ ရှုရအဆင်ပြေ" တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
- ၆း၃၅ စွယ်တော်လေးဆူဆုပန်ယူ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၄၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄)**
- ၈း၄၅ မဟာဓမ္မရံသီအိမ်တော်ရာစေတီ၏ ခြိမ့်ခြိမ့်သဲဆင်နွဲဗုဒ္ဓပူဇနိယပူဇော်ပွဲ
- ၉း၀၀ Activities In The City (မအူပင်စက်မှုလက်မှုသိပ္ပံကောလိပ်နှင့်တက္ကသိုလ်မှ ၁၉၉၁-၂၀၀၆ ခုနှစ် မြတ်ဆရာပူဇော်ပွဲ)
- ၉း၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၉း၃၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ မြင့်ကြည်) (အပိုင်း-၂)
- ၁၀း၀၀ ရန်ကုန်မြင်ကွင်းကျယ် (Sein Gay Har Super Center Kid's Singing Contest)
- ၁၀း၂၀ Activities In The City (547 Trading နှင့် မိတ်ဖက်ကုမ္ပဏီများ၏အထူးဈေးရောင်းပွဲတော်)
- ၁၀း၃၀ ဖက်ရှင်လမ်းညွှန် (အပြာရောင်ဖက်ရှင်)
- ၁၀း၅၀ သူတို့ပြောတဲ့သူတို့အကြောင်း (တေးသံရှင်ဖိုးကာနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၁း၂၅ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဖုန်)စာနယ်ဇင်းများနှင့် တွေ့ဆုံပွဲအခမ်းအနား
- ၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ ငြိမ်းချမ်းရေးလေပြည်ဆောင်ယူရာမှဖြစ်တည်လာသော ပန်းတစ်ခိုင်. . .
- ၁၂း၂၅ နက္ခတ်ဗေဒင်ပညာရပ်ဆိုင်ရာ သိကောင်းစရာ"ဆွေးနွေးခန်း"
- ၁း၀၀ "အမြင်ရှင်းမှ ရှုရအဆင်ပြေ" တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၄၆)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄)**
- ၅း၁၀ Activities In The City [မန္တလေးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အခမ်းအနား]
- ၅း၂၅ The Champion of Dance
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ FIFA နှင့် Goal Project (အပိုင်း-၂)
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၄၇)**
- ၇း၂၀ ပျော်စရာကြီး Live Show (အပိုင်း-၁)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဂီတသရုပ်ပြခန်း (မေသူ)
- ၈း၅၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅)**
- ၁၀း၁၅ မေတ္တာတရားနှင့်အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
- ၁၀း၃၀ VJ Choice
- ၁၀း၅၅ ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
- ၁၁း၀၅ World of Knowledge (Cave Rescue)
- ၁၁း၅၅ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
- ၁၂း၀၅ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
- ၁၂း၃၀ စက္ကူရွက်ဝေရှမ်းထီးသက်သေ
- ၁၂း၄၅ အများမြင်စရာ နှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)
- ၁း၂၅ ဖြစ်ထွန်းအောင်မြင်. . . စိုက်ပျိုးဥယျာဉ်(မင်းကွတ်)
- ၁း၅၀ စိတ်ချယုံကြည် Global Wave Technology
- ၂း၀၀ မေတ္တာပန်းတို့ မွှေးပျံ့စေ (ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ ချိုပြုံး) (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
- ၂း၂၀ အလှဆင်စရာပရိဘောဂကမ္ဘာ (မြနန်းပုံပရိဘောဂ)
- ၂း၃၀ နွေးထွေးသောဝန်ဆောင်မှုများနှင့် ဧဒင်
- ၂း၄၀ ဒို့တိုင်းဌာနီဧရာဝတီ (ပုသိမ်၊ မြောင်းမြ ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းများ)
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ ဘယ်သူ့ကိုအချစ်ဆုံးလဲ (တေဇ၊ ခိုင်ပွင့်၊ မင်းသူ၊ ထွန်းထွန်းအောင်၊ ချမ်းသာ) [ဒါရိုက်တာ-သုတ(မော်ကွန်း)]
- ၄း၂၀ ကယ်တင်ကြစို့ တို့ကမ္ဘာ
- ၄း၃၀ ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်
- ၄း၄၅ လှမ်းခဲ့ပါဆွေ"မနောမြေ"
- ၄း၅၅ ကပ်လှူပူဇော်ကုသိုလ်ယူမယ် ဆံတော်ရှင် ကျိုက်သုတ်စေတီတော်ဝယ်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၁၇

၂၀၁၁ ခုနှစ် နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ခုနှစ် ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ Royal Myanmar ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် မြို့တော်ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင်အသင်းအားလုံး တစ်ကွင်း တစ်ရက်စီဖြင့် ရက်အလိုက် သုံးရက်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ်ကွင်းအလိုက် ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက် ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလားနှင့် အသင်းဝင် အားကစားသမား တစ်ဦးချင်းကိုလည်း ရွှေသားရုပ်တု တစ်ဆုစီနှင့် ငွေကျပ် ၁၀ သိန်းစီအပြင် ဒုတိယဆုရရှိသည့် အသင်းအား တစ်ဦးချင်း ငွေသားရုပ်တု တစ်ဆုစီနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံး အားကစားသမားအား ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရရှိသည့် အားကစားသမားအား ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်း တစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမား နှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျောပေး သတ်မှတ်ချက် (Handicap Zero) ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက် အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၈ ရက် နောက်ဆုံးထား၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၁၄၆၁၇၊ ၄၁၄၂၈၉နှင့် (Fax) ၄၁၄၇၅၃ တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❍ စာမျက်နှာ ၄ မှ

ထို့အပြင် စေတီတော်ကြီး၏ လိုဏ်အတွင်းတွင် မြန်မာ့တွင်းထွက် ကျောက်စိမ်းရတနာများဖြင့် ထုလုပ်ထားသော ကျောက်စိမ်းရုပ်ပွားတော်လေးဆူ (မဟာမဏိမယ ကဿဖဗုဒ္ဓပဋိမာ၊ မဟာမဏိမယ ကောဏာဂမနဗုဒ္ဓပဋိမာ၊ မဟာမဏိမယ ကကုသန္ဓဗုဒ္ဓပဋိမာနှင့် မဟာမဏိမယဂေါတမဗုဒ္ဓပဋိမာ)ကို ပူဇော်ထားရှိသည်။ ဥပ္ပါတသန္တိစေတီတော်ကြီးသည် ဓာတုစေတီနှင့် ဂန္ဓကုဋိတိုက်ကျောင်း နှစ်မျိုးလုံး၏ အဓိပ္ပာယ်များကို ဖော်ဆောင်လျက်ရှိသည်။

ဥပ္ပါတသန္တိစေတီတော်ကြီးတည်ဆောက်ရာတွင် စေတီတော်ပရိဝုဏ် အရှေ့တောင်ထောင့်တွင် ၁၀၈ ပေ အမြင့်ဆောင်သည့် တံခွန်တိုင်တော်၊ စောင်းတန်းလေးသွယ်နှင့် လိုဏ်တော်အဝင်မုခ်ဦးတော်ကြီး လေးဆောင်၊ စေတီတော်အောင်မြေ၊ ဓာတ်လှေကားနှစ်စင်း၊ စေတီတော်ရင်ပြင်နှင့် မဟာရံတံတိုင်း၊ စေတီတော်ပတ်လည်မြေထိန်းနံရံတို့ကို ထည့်သွင်းတည်ဆောက်ထားပြီး ပန်းတည်ခုံ ခိုတောင်ပန်းခက်များ၊ စေတီတော်ကြီး၏ ကြည်ညိုသပ္ပာယ်ဖွယ်အချိုးအစားနှင့် ပစ္စယာသဏ္ဌာန်ညီ ကျည်းဝန်းတော်၊ ခေါင်းလောင်းတော်၊ ၎င်းအထက် သပိတ်မှောက်တော်ပတ်လည်ရှိ ပန်းဆွဲရုပ်ကြွများ၊ ထက်-အောက် အချိုးညီစိုက်စီထားသည့် ကြာနု၊ ကြာလှန်၊ ကြာမှောက်၊ ရွှဲလုံးများ၊ ကိုယ်လုံးတော်နှင့် အချိုးညီတင့်တယ်လှသော ငှက်ပျောဖူးတော်နှင့် ဖောင်းရစ်များ၊ မြန်မာ့မကိုဋ်ပုံရွှေထီးတော်ဘုံဆင့်များ၊ အဖိုးတန် ကျောက်မျက်ရတနာမျိုးစုံတို့ဖြင့် စီခြယ်ထားသည့် ရတနာငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်အစရှိသော အင်္ဂါရပ်အစုံအလင်၊ လက္ခဏာကြီးငယ် အသွယ်သွယ်တို့ကို ဖူးမြင်ကြရမည်ဖြစ်သည်။

စေတီတော်မြတ်ကြီးနှင့်အတူ မဟာဆုတောင်းပြည့်ဘုရားကြီး ကိန်းဝပ်တော်မူရာ ဂန္ဓကုဋိကျောင်းဆောင်တော်မြတ်ကြီးနှင့် ဘုံခုနစ်ဆင့် ပြာသာဒ်တော်၊ ဝိသုံဂါမရွှေသိမ်တော်၊ စေတိယပါလစံကျောင်း၊ သံဃာရာမအဆောင် လေးဆောင်၊ သာသနာ့မဟာဗိမာန်တော်ကြီး၊ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်၊ ဂေါပကရုံး၊ ရှင်ဥပဂုတ္တကျောင်းဆောင်တော်နှင့် မာလိနီမင်္ဂလာရေကန်တော်၊ ဗောဓိညောင်ဥယျာဉ်တော်အစရှိသည့် သာသနိကအဆောက်အအုံများတွင်လည်း မြန်မာမှုအနုပညာလက်ရာ ပန်း ၁၀ မျိုး ပညာရပ်များဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများစုဝေးတည်ရှိရာ "မြန်မာ့ပန်း ၁၀ မျိုး အနုပညာပြတိုက်ကြီး"ဟု ဆိုပါကလည်း မမှားနိုင်ချေ။

ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်တွင် ရခိုင်ပြည်နယ်မှရရှိသော စတုတ္ထမြောက် ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီနှင့် ပဉ္စမမြောက် ဆင်ဖြူတော်ရတနာ နန္ဒဝတီတို့သည် အဖော်ဆင်များနှင့်အတူ ပျော်ရွှင်စွာ သွားလာနေထိုင်လျက်ရှိရာ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ ကြည့်ရှုလေ့လာနိုင်ကြမည်ဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တပေါင်းလတွင် ကျင်းပလေ့ရှိရာ စေတီတော်ကြီး၏ တောင်ဘက်ရာဇဌာနီလမ်းဘေးတွင် ၃၁ ဧကခန့် ကျယ်ဝန်းသော ပွဲတော်ကွင်းကြီးကို တည်ဆောက်ထားသည်။

တပေါင်းလပြည့်နေ့ (မတ် ၁၉ ရက်)တွင် ဥပ္ပါတသန္တိစေတီတော်ကြီး၏ သာသနာ့မဟာဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပပြီး ညနေပိုင်းတွင် စေတီတော်ပတ်လမ်း၌ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုန်းလက်ရုံးနှင့် ပြည့်စုံခဲ့ကြသည့် ရှေးမြန်မာဗုဒ္ဓဘာသာ သာသနာပြုမင်းအဆက်ဆက်တို့သည် စေတီပုထိုးများ တည်ထားကိုးကွယ်ကြခြင်းဖြင့် ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ရှေးမြန်မာမင်းများ၏ ကောင်းမှုအမွေများဖြစ်သည့် စေတီပုထိုးများကို ရွှေရောင်တဝင်းဝင်း ဖူးမြင်နိုင်ကြမည်ဖြစ်သည်။ ယင်းအချက်ကြောင့်ပင်လျှင် မြန်မာနိုင်ငံကို ရွှေရောင်လွှမ်းသော ရွှေနိုင်ငံဟု ကမ္ဘာ့အလယ်တွင်တင်စားခေါ်ဝေါ်ကြခြင်းပင် ဖြစ်ပေသည်။

ယခုအခါ ဗုဒ္ဓသာသနာတော်ကြီး နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပတည်တံ့နေစေရေးအတွက် ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူအပေါင်းက ကြိုးပမ်းလျက်ရှိကြသည်။ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသည် ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွားထွန်းကားစေရန်နှင့် ကမ္ဘာတည်သရွေ့ အစဉ်တည်တံ့နေစေရန်အတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်တစ်ရပ်ပင် ဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တန်ခိုးတော်ကြောင့် တိုင်းရင်းသားပြည်သူအားလုံးတို့သည် စည်းလုံး ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ခိုင်မြဲခြင်း၊ စည်ပင်သာယာဝပြောခြင်း၊ တိုးတက်ခေတ်မီခြင်း စသော လောကီကောင်းကျိုးချမ်းသာ မင်္ဂလာများကို သာမက လောကုတ္တရာကောင်းကျိုးချမ်းသာ မင်္ဂလာများကိုပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သစ်ကြီးတွင် အစဉ်အမြဲရရှိခံစားနိုင်တော့မည်မှာ မလွဲဧကန်ပင် ဖြစ်ပါကြောင်း ရေးသားပူဇော်လိုက်ရပါသည်။ ။

ကျောက်စိမ်း ရုပ်ပွားတော်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်အတွင်းတွင် မြန်မာ့တွင်းထွက် ကျောက်စိမ်းရတနာဖြင့် ထုလုပ်ပူဇော်ထားသော ကျောက်စိမ်းရုပ်ပွားတော် လေးဆူအနက်မှ တစ်ဆူအား ဖူးတွေ့ရစဉ်။

မြန်မာမှု အနုပညာလက်ရာများဖြင့် တန်ဆာဆင်ထားသည့် သာသနာ့မဟာဗိမာန်တော်ကြီးကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

မြန်မာ့အလင်းပုံနှိပ်တိုက်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် မတ် ၁၇

ရန်ကုန်မြို့ တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ဆန်းခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာ့အလင်းပုံနှိပ်တိုက်မှ တာဝန်ရှိသူများသည် မတ် ၁၂ ရက် နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ်(၅၈) မြန်မာ့အလင်းပုံနှိပ်တိုက်ဝင်းအတွင်းရှိ ပုံနှိပ်စက်၊ ဂိုဒေါင်နှင့် ဝန်ထမ်းအိမ်ရာများ၌ မီးဘေးအန္တရာယ်မကျရောက်စေရေး ကြိုတင်ကာကွယ်ရန်အတွက် မီးသတ်စက်ကိုစမ်းသပ်မောင်းနှင်ခြင်း၊ မီးချိတ်၊ မီးကပ်၊ သဲပုံးများ စစ်ဆေးခြင်း၊ တပ်ဆင်ထားသည့် မီးသတ်ဆေးဘူးများကို စစ်ဆေးခြင်း၊ ဝန်ထမ်းအိမ်ရာများတွင် မီးဖိုနှင့် လျှပ်စစ်သုံးစွဲမှု စနစ်တကျရှိစေရေး တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးခြင်း၊ ခြံဝင်းအတွင်း အမှိုက်သရိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ဆန်းခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာ့အလင်းပုံနှိပ်တိုက်မှ တာဝန်ရှိသူများ မြန်မာ့အလင်းပုံနှိပ်တိုက်အတွင်း မီးဘေးအန္တရာယ်မကျရောက်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

မိုးရေချိန်စံချိန်သစ်

မတ် ၁၇ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ မတ်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ကြောင်း သိရသည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ဘားအံ	၆၈	၂. ၆၈	၄၆	၁. ၈၁	၂၆-၃-၂၀၀၀	၄၄
၂။	မော်လမြိုင်	၆၀	၂. ၃၆	၄၉	၁. ၉၃	၁-၃-၁၉၉၉	၅၈
၃။	ကျိုက္ခမီ	၅၈	၂. ၂၈	၄၆	၁. ၈၁	၂၄-၃-၁၉၉၉	၂၈
၄။	ဖျာပုံ	၅၃	၂. ၀၉	၁၄	၀. ၅၅	၃၁-၃-၂၀၀၃	၉
၅။	ခရမ်း	၅၃	၂. ၀၉	၄၀	၁. ၅၇	၁၈-၃-၂၀၀၉	၂၇
၆။	မင်္ဂလာဒုံ	၄၆	၁. ၈၁	၄၄	၁. ၇၃	၂၈-၃-၁၉၉၄	၆၃

အောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **နေ့အပူချိန်များမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ ဒီဂရီစင်တီဂရိတ်စီနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၉ဒီဂရီစင်တီဂရိတ်မှ ၁၈ဒီဂရီစင်တီ ဂရိတ်ထိ လျော့နည်းခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော် (ပျဉ်းမနားမြို့နယ်)နှင့် နေပြည်တော်(လယ်ဝေးမြို့နယ်)တို့တွင် သုည ဒသမ ၁၆လက်မစီ၊ ဘားအံမြို့တွင် ၂ ဒသမ ၆၈လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၃၆လက်မ၊ ကျိုက်ခမီမြို့တွင် ၂ ဒသမ ၂၈လက်မ၊ ဖျာပုံမြို့နှင့်ခရမ်းမြို့တွင် ၂ ဒသမ ၀၉လက်မစီ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၉၇လက်မ၊ လောင်းလုံမြို့တွင် ၁ ဒသမ ၉၃လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)နှင့် ရန်ကုန်(ကမ္ဘာအေး)တို့တွင် ၁ ဒသမ ၈၁လက်မစီ၊ ရေးမြို့တွင် ၁ ဒသမ ၇၇ လက်မ ၊ သထုံမြို့တွင် ၁ ဒသမ ၇၃လက်မနှင့် သိမ်ဖြူမြို့တွင် ၁ ဒသမ ၆၅လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မတ် ၁၈ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဘွဲ့တံဆိပ်တော် ဓိပ္ပာယ်ဖော်

ရတနာစည်ဆရာတော် (လှိုင်လင်)

ဗုဒ္ဓခေတ် ဘွဲ့ထူးများ

မြတ်ဗုဒ္ဓသည် အနာဂတ်သာသနာတော်အရေး အရှည်မြော်တွေးတော်မူလျက် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာဟူသော ပရိသတ်လေးမျိုးအနက် သာသနာအကျိုး ထူးချွန်စွာဆောင်ရွက်နိုင်စွမ်းရှိသော ပုဂ္ဂိုလ်တို့အား အရာအလျောက် ဧတဒဂ်ဘွဲ့ထူးကို ကိုယ်တော်တိုင် ချီးမြှင့်တော်မူခဲ့ပါသည်။

ဘိက္ခုတို့တွင် ပညာအရာ၌အထူးချွန်ဆုံး အရှင်သာရိပုတ္တရာအား ပညာဧတဒဂ်ဘွဲ့ထူး၊ ဘိက္ခုနီတို့တွင် ပညာအရာ၌ အထူးချွန်ဆုံး အရှင်မ ခေမာထေရီအား ပညာဧတဒဂ်ဘွဲ့ထူး၊ ဥပါသကာတို့တွင် ဒါနအရာ၌ အသာလွန်ဆုံး အနာထပိဏ်သူဌေးကြီးအား ဒါယကာဧတဒဂ်ဘွဲ့ထူး၊ ဥပါသိကာတို့တွင် ဒါနအရာ၌ အသာလွန်ဆုံး ဝိသာခါသူဌေးမကြီးအား ဒါယိကာ ဧတဒဂ်ဘွဲ့ထူးစသည်ဖြင့် ဘိက္ခုပေါင်း ၄၃ပါး၊ ဘိက္ခုနီပေါင်း ၁၃ပါး၊ ဥပါသကာ ၁၀ဦးနှင့် ဥပါသိကာ ၁၀ဦးတို့အား မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူကြောင်း အင်္ဂုတ္တရပါဠိတော်၌ မော်ကွန်းတင်ထားခဲ့ပါသည်။

သာသနာ့သမိုင်း ဘွဲ့ထူးများ

နောင်ကာလ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ပြီးနောက် သာသနာတော်ပြန့်ပွားရာ သီရိလင်္ကာနိုင်ငံ၌ နိုင်ငံဦးသျှောင်ဘုရင်မင်းများက သာသနာအကျိုးကို ထူးချွန်စွာဆောင်ရွက်နိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်တို့အား သံဃရာဇာဘွဲ့ထူး၊ သံဃဂုရုဘွဲ့ထူး၊ ကဝိစက္ကဝတ္တိဘွဲ့ထူး စသည့် ဘွဲ့ထူးများကို ဆက်ကပ် ချီးမြှင့်ခဲ့ကြပါသည်။

မြန်မာ့သမိုင်း ဘွဲ့တံဆိပ်တော်များ

မြန်မာ့သမိုင်း၌ ပုဂံခေတ်မှသည် ရတနာပုံခေတ်တိုင်အောင် ခေတ်အဆက်ဆက် နိုင်ငံ့သရဖူဘုရင်မင်းများက ရဟန်းပညာရှိ၊ လူပညာရှိတို့အား ဆက်ကပ်ချီးမြှင့်ခဲ့သည့် ဘွဲ့တံဆိပ်တော်များမှာ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်တော်၊ သီရိမဟာစတုရင်္ဂဗလ ဘွဲ့တံဆိပ်စသည်ဖြင့် အမျိုးအစားပေါင်း ၁၀မျိုးကျော်ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

နယ်ချဲ့ခေတ် ဘွဲ့တံဆိပ်တော်

နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝတွင်မူ အမျိုး၊ ဘာသာ၊ သာသနာ အရာရာအားလုံး ပျက်သုဉ်းခဲ့ရသည့် "သုညခေတ်"ဖြစ်သည်နှင့်လျော်ညီစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အများအပြား ပယ်ဖျက်ခံ ဘဝရောက်ခဲ့ရပြီး **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော် တစ်ခုတည်းကိုသာ ခရစ် ၁၉၁၂(ကောဇာ ၁၂၇၃)ခုနှစ်တွင် လယ်တီဆရာတော်အားလည်းကောင်း၊ ခရစ် ၁၉၁၇ (ကောဇာ ၁၂၇၈)ခုနှစ်တွင် မန်လည်ဆရာတော်အားလည်းကောင်း ဆက်ကပ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

လွတ်လပ်ရေးခေတ် ဘွဲ့တံဆိပ်တော်များ

ထိုမှ ၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးရလာပြီးသောအခါ အဆက်ဆက်သော နိုင်ငံတော်အစိုးရမင်းများက ယခင် **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်နှင့်အတူ **အဘိဓဇမဟာရဋ္ဌဂုရု** ဟူသော ဘွဲ့တံဆိပ်တော်တစ်ခုတိုး၍ ဘွဲ့တံဆိပ်တော်နှစ်မျိုးကို ရဟန်းပညာရှိ ဆရာတော်ကြီးများအား ဆက်ကပ်ပူဇော်ခဲ့ကြပါသည်။

ယနေ့တပ်မတော်အစိုးရခေတ် ဘွဲ့တံဆိပ်တော်များ

ယနေ့ တပ်မတော်အစိုးရခေတ်ဟု ဆိုရမည့် ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ တပ်မတော်အစိုးရသည် ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေထက် လင်းပါစိမ့်သောငှာ မြော်မြင်လျက် ဘွဲ့တံဆိပ်တော်အသစ်အမျိုးပေါင်း ၂၀ ကို အသစ်တီထွင်ပြဋ္ဌာန်း၍ ယခင်ရှိပြီး ဘွဲ့တံဆိပ်တော်နှစ်မျိုးနှင့်အတူ စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ၂၂ မျိုးဖြင့် သာသနာတော်အား ချီးမြှောက်လျက်ရှိနေပါသည်။

နေလသဖွယ် ထင်ရှားတော်မူကြသည့် ပြည်တွင်းပြည်ပ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလျက်ရှိပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် ဝိသေသဂုဏ်ရည်ဖြင့် လဲ့လဲ့ကြည် လင်းလက်နေသော ယင်းသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၏ အဓိပ္ပာယ်ကို ကျနစွာ သိရှိလို ကြည်ညိုလိုကြသည့် သာသနမာမက၊ သာသနသုတေသီများအတွက် ဤဆောင်းပါးဖြင့် အဓိပ္ပာယ်အကျဉ်းချုပ် အနှစ်ထုတ်အပ်ပါသည်။

ဘွဲ့တံဆိပ်တော်အသစ် (၂၀)

၁။ ဓမ္မဒေသကဆိုင်ရာ ဘွဲ့တံဆိပ်တော်	၂မျိုး
၂။ ပရိယတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တော်	၃မျိုး
၃။ ပဋိပတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တော်	၃မျိုး
၄။ သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်	၄မျိုး

ဖော်ပြပါ ဘွဲ့တံဆိပ်တော် ၁၂မျိုးကို ဆရာတော်များ၊ သီလရှင်ဆရာကြီးများနှင့် သာသနာပြုလူပုဂ္ဂိုလ်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းပါသည်။

ယင်းအပြင် ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် သဒ္ဓါအင်အားထက်သန်စွာ ထူးထူးခြားခြား ထောက်ပံ့လှူဒါန်းနေကြသော ဥပါသကာ (ဒါယကာ)များအား ဘွဲ့တံဆိပ်လေးမျိုးနှင့် ဥပါသိကာ (ဒါယိကာမ)များအား ဘွဲ့တံဆိပ်လေးမျိုးကို ချီးမြှင့်အပ်နှင်းပါသည်။

စုစုပေါင်း တပ်မတော်အစိုးရခေတ် ဘွဲ့တံဆိပ်တော် အမျိုးအစား အသစ် (၂၀)ဖြစ်ပါသည်။

ဓမ္မဒေသကဆိုင်ရာ ဘွဲ့တံဆိပ်တော်(၂)မျိုး

၁။ မဟာ+ဓမ္မကထိက+ဗဟုဇန+ဟိတ+ဓရ။
ကျယ်ကျယ်ပြန့်ပြန့် + တရားဟောပြောလျက် + လူအများ၏+ အကျိုးစီးပွားကို+ဆောင်ရွက်သောပုဂ္ဂိုလ်။

၂။ ဓမ္မကထိက+ ဗဟုဇန+ ဟိတ+ဓရ။
(အဓိပ္ပာယ်ပေါ်လွင်ပြီ။)

ပရိယတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တော် (၃)မျိုး

၁။ အဂ္ဂ+မဟာ+ဂန္ထဝါစက+ ပဏ္ဍိတ။
ထက်ထက်မြက်မြက်+ကျယ်ကျယ်ပြန့်ပြန့်+ ကျမ်းဂန်စာပေပို့ချသော+ ပညာရှိ။

တပ်မတော်အစိုးရသည် ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေထက် လင်းပါစိမ့်သောငှာ မြော်မြင်လျက် ဘွဲ့တံဆိပ်တော်အသစ် အမျိုးပေါင်း(၂၀)ကို အသစ်တီထွင်ပြဋ္ဌာန်း၍ ယခင် ရှိပြီး ဘွဲ့တံဆိပ်တော်နှစ်မျိုးနှင့်အတူ စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် (၂၂) မျိုးဖြင့် သာသနာတော်အား ချီးမြှောက်လျက်ရှိ။

၂။ မဟာ + ဂန္ထဝါစက +ပဏ္ဍိတ။

၃။ ဂန္ထဝါစက + ပဏ္ဍိတ။

ပဋိပတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တော် (၃)မျိုး

၁။ အဂ္ဂ + မဟာ + ကမ္မဋ္ဌာနာစရိယ။
ထက်ထက်မြက်မြက် + ကျယ်ကျယ်ပြန့်ပြန့် + ကမ္မဋ္ဌာန်းပြဆရာ။

၂။ မဟာ + ကမ္မဋ္ဌာနာစရိယ။

၃။ ကမ္မဋ္ဌာနာစရိယ။

သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော် (၄)မျိုး

၁။ အဘိဓဇ + အဂ္ဂ + မဟာ + သဒ္ဓမ္မ + ဇောတိက။
အောင်လံထူးသဖွယ်+ထက်မြက်+ကျယ်ပြန့်စွာဖြင့်+ သူတော်ကောင်းတရားကို + ထွန်းတောက်စေသောပုဂ္ဂိုလ်။

၂။ အဂ္ဂ + မဟာ + သဒ္ဓမ္မ + ဇောတိက + ဓဇ ။
ထက်ထက်မြက်မြက် + ကျယ်ကျယ်ပြန့်ပြန့် + သူတော်ကောင်းတရားကို + ထွန်းတောက်စေသည့် + အောင်လံတော်။

၃။ မဟာ + သဒ္ဓမ္မ + ဇောတိက + ဓဇ ။

၄။ သဒ္ဓမ္မ + ဇောတိက + ဓဇ ။

ဥပါသကာ ဘွဲ့တံဆိပ် (၄)မျိုး

၁။ အဂ္ဂ + မဟာ + သီရိ + သုဓမ္မ + မဏိဇောတ + ဓရ ။
ထက်မြက်+ကျယ်ပြန့်+အသရေတင့်+သူတော်ကောင်းတရား+ ပတ္တမြားရတနာ + ဆောင်ထားသူ
(အသရေတင့်သည့် သူတော်ကောင်းတရားတည်းဟူသော ပတ္တမြားရတနာကို ထက်မြက်စွာ ကျယ်ပြန့်စွာ ဆောင်ထားနိုင်စွမ်းရှိသော ပုဂ္ဂိုလ်။)

၂။ သီရိ + သုဓမ္မ + မဏိဇောတ + ဓရ ။

၃။ သီဟ + သုဓမ္မ + မဏိဇောတ + ဓရ ။
(သီဟသည် တစ်ပုဒ်တည်းဖြစ်လျှင် ခြင်္သေ့၊ သမာသ်ပုဒ်ဖြစ်လျှင်အမြတ်ဟု အဓိပ္ပာယ်ရသောကြောင့် ယခု သီဟသုဓမ္မသည် သမာသ်ပုဒ်ဖြစ်၍ မြင့်မြတ်သော သူတော်ကောင်းတရားဟု အဓိပ္ပာယ်ရပါသည်။)

၄။ သုဓမ္မ + မဏိဇောတ + ဓရ ။

ဥပါသိကာ ဘွဲ့တံဆိပ် (၄)မျိုး

၁။ အဂ္ဂ + မဟာ + သီရိ + သုဓမ္မ + သိင်္ဂီ။
(သိင်္ဂီ = ရွှေ = ရွှေရတနာရှင်။)

၂။ သီရိ + သုဓမ္မ + သိင်္ဂီ။

၃။ သီဟ + သုဓမ္မ + သိင်္ဂီ။

၄။ သုဓမ္မ + သိင်္ဂီ။

ယခင် ဘွဲ့တံဆိပ်တော် (၂)မျိုး

၁။ အဘိဓဇ + မဟာရဋ္ဌ + ဂုရု
အောင်လံထူးသဖွယ် + နိုင်ငံတော်၏ + ဆရာမြတ်။

၂။ အဂ္ဂ + မဟာ + ပဏ္ဍိတ။
ထက်မြက်စွာ + ကျယ်ပြန့်စွာ + (စွမ်းဆောင်နိုင်သော) ပညာရှိ။

ဖော်ပြပါအတိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အသစ်(၂၀) နှင့် ယခင်ရှိပြီး ဘွဲ့တံဆိပ်တော် (၂)မျိုး အပါအဝင် စုစုပေါင်းဘွဲ့တံဆိပ်တော် (၂၂)မျိုးတို့က ယနေ့တပ်မတော် အစိုးရ၏ သာသနာအပေါ် ထားရှိအပ်သော စေတနာကို အစဉ်မပြတ် ထင်ဟပ်ဖော်ကျူးနေပေတော့သည်။

သို့ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်တို့၏ လာရာ နိုင်ငံတော် အစိုးရ၊ လားရာဆရာတော်ကြီးများ၊ သီလရှင်ကြီးများ၊ ဥပါသကာနှင့် ဥပါသိကာများအပြင် ဘွဲ့တံဆိပ်တော်ကွန်ရက် ဖြန့်ကြက်ရာ နိုင်ငံသူ၊ နိုင်ငံသားများပါ သဒ္ဓါပညာယှဉ်တွဲကာဖြင့် သာသနာအလင်း ကမ္ဘာထွန်းအောင် အားတင်းမာန်ထား လုံ့လပွားကြိုးစားနေကြမည်သာဖြစ်ပါသတည်း။ ။

(18-3)06.pmd 1 3/18/2011, 2:43 AM

လျှင်နှင့် ဆူနာမီလှိုင်းဒဏ်သင့် ဂျပန်ပြည်သူများအတွက် အမေရိကန်ဒေါ်လာတစ်သိန်း ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၁၇

ဂျပန်နိုင်ငံ ဆန်းဒိုင်မြို့ တိုဟိုခုဒေသနှင့် ဂျပန်အရှေ့မြောက်ပိုင်းတို့၌ မတ် ၁၁ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်နှင့် ဆူနာမီလှိုင်းဒဏ်ကြောင့် အသက် အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြသည့် ဂျပန်ပြည်သူများအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီအဖြစ် ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရက ဂျပန်နိုင်ငံအစိုးရသို့ အလှူငွေပေးအပ်သည့် အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းက ငလျင်နှင့် ဆူနာမီဘေးသင့် ဂျပန်ပြည်သူ များအတွက် စာနာထောက်ထားကြောင်း ပြောကြားပြီး အလှူငွေ အမေရိကန် ဒေါ်လာတစ်သိန်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တခရှိဆိုက်တိုးထံ ပေးအပ်ရာ သံအမတ်ကြီးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရကိုယ်စား နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ငလျင်နှင့် ဆူနာမီဘေးသင့် ဂျပန် ပြည်သူများအတွက် အလှူငွေ အမေရိကန်ဒေါ်လာ တစ်သိန်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တခရှိ ဆိုက်တိုးထံ ပေးအပ်စဉ်။

(သတင်းစဉ်)

ဂျပန်နိုင်ငံတွင်ဖြစ်ပွားနေသည့် မတော်တဆမှုများကြောင့် မြန်မာနိုင်ငံသို့ ဓာတ်ရောင်ခြည် ပျံ့လွင့်ရောက်ရှိနိုင်မှုအန္တရာယ် လွန်စွာနည်းပါး မြန်မာနိုင်ငံတွင် ရှာသွန်းသည့်မိုးရေများ၌ ရေဒီယိုသတ္တိကြွပစ္စည်းများပါဝင်ခြင်း လုံးဝမရှိ

နေပြည်တော် မတ် ၁၇

၂၀၁၁ ခုနှစ် မတ် ၁၁ ရက်တွင် ဂျပန်နိုင်ငံအရှေ့မြောက်ဘက် ကမ်းခြေရှိ Sendai မြို့အနီး၌ ပြင်းအား ရစ်ချ်တာစကေး ၉ ဒသမ ၀ ရှိ မြေငလျင်လှုပ်ရှားမှု ဖြစ်ပွားခဲ့ပြီး အမြင့် ၁၀ မီတာရှိသော ဆူနာမီလှိုင်းများကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ ၎င်းမြေငလျင်နှင့် ဆူနာမီတို့၏ အကျိုးသက်ရောက်မှုကြောင့် ဂျပန်နိုင်ငံရှိ အဏုမြူဓာတ်ပေါင်းဖိုအချို့တို့တွင် နျူကလီးယားဆိုင်ရာ ဘေးအန္တရာယ်ကျရောက်မှု အကျပ် အတည်းများနှင့် ရင်ဆိုင်နေရကြောင်း သိရှိရသည်။

သက်ဆိုင်ရာပညာရှင်များ၏ အဆိုအရ နျူကလီးယားဓာတ်ပေါင်းဖို မတော် တဆမှုများနှင့် အလွန်နီးကပ်သော ဒေသများတွင် ရေဒီယိုသတ္တိကြွမှုအန္တရာယ် ရှိသည်မှန်သော်လည်း နျူကလီးယားဓာတ်အားပေးစက်ရုံမှ အကွာအဝေး ကီလိုမီတာ ၂၀ (၁၂ ဒသမ ၅) မိုင်ခန့် ကျော်လွန်သွားပါက အများပြည်သူအတွက် အန္တရာယ် အဆင့် မရှိတော့ကြောင်း၊သို့ပါ၍ ဂျပန်နိုင်ငံတွင်ဖြစ်ပွားနေသည့် မတော်တဆမှုများ ကြောင့် မိုင်ထောင်ပေါင်းများစွာ ဝေးကွာသည့် မြန်မာနိုင်ငံသို့ ဓာတ်ရောင်ခြည် ပျံ့လွင့်ရောက်ရှိနိုင်မှုအန္တရာယ် လွန်စွာနည်းပါးကြောင်း သိရှိရသည်။

ဂျပန်နိုင်ငံ အဏုမြူဓာတ်ပေါင်းဖို မတော်တဆမှုကြောင့် မြန်မာနိုင်ငံတွင်းသို့ ရေဒီယိုသတ္တိကြွပစ္စည်းများ ဝင်ရောက်လာပါက သိရှိနိုင်ရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် ရွာသွန်းသည့်မိုးရေတွင် ရေဒီယိုသတ္တိကြွပစ္စည်းများ ပါဝင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်တိုင်းတာစမ်းသပ်စစ်ဆေးလျက်ရှိကြောင်း၊ စစ်ဆေး တွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ရွာသွန်းသည့်မိုးရေများ၌ ရေဒီယိုသတ္တိကြွ ပစ္စည်းများပါဝင်ခြင်း လုံးဝမရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

တိုကျိုမြို့ရှိ မြန်မာသံရုံးက ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံသားများအားလုံး၏ ကောင်စစ်ဆိုင်ရာ ကိစ္စရပ်များ ကူညီဆောင်ရွက်ပေးလျက်ရှိ ငလျင်ဘေးဒဏ်နှင့် နောက်ဆက်တွဲဖြစ်စဉ်များကြောင့် အန္တရာယ်မကျရောက်စေရန်အတွက် ဆက်လက်ကူညီပေးသွားမည်

နေပြည်တော် မတ် ၁၇

ဂျပန်နိုင်ငံ၌ မတ် ၁၁ ရက်တွင် ဖြစ်ပေါ်ခဲ့သော ငလျင်သည် ဂျပန်နိုင်ငံသမိုင်းတွင် နှစ်ပေါင်း ၁၄၀ အတွင်း အပြင်းထန်ဆုံးငလျင်ဖြစ်သည်။ အဆိုပါငလျင်ကြောင့် တိုကျိုမြို့ရှိ မြန်မာနိုင်ငံသံရုံး ငါးထပ်အဆောက်အအုံမှာ ကွဲအက်မှုရှိခဲ့ပြီး အနည်းငယ်ပျက်စီးခဲ့ရာ အန္တရာယ်မရှိစေရန် တတိယထပ်မှ ရုံးခန်းများကို ဒုတိယထပ်သို့ ပြောင်းရွှေ့ခဲ့ရသည့်အတွက် ထိုနေ့က နေ့တစ်ဝက်ခန့် ရုံးပိတ်ခဲ့ရကြောင်း၊ ဤရက်များတွင် ပိတ်ရက်မရှိ သံရုံးကို ဖွင့်လှစ်ထားပြီး ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံသားများ အားလုံး၏ ကောင်စစ်ဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဂျပန်နိုင်ငံမှ လောလောဆယ် ပြန်လည်ထွက်ခွာလိုသည့် မြန်မာနိုင်ငံသားများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ငလျင်ဘေးဒဏ်နှင့် နောက်ဆက်တွဲဖြစ်စဉ်များကြောင့် အန္တရာယ်မကျရောက်စေရန်အတွက် ဆက်လက်၍ ကူညီပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၁၇ ရက်စွဲဖြင့် သတင်းတစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်နေပြည်သူတို့၏ အတွေးအခေါ် ဗဟုသုတမြင့်မားရေး ကျေးရွာစာကြည့်တိုက်များ တည်ထောင်ထား စာကြည့်တိုက်များ တည်တံ့ခိုင်မာရေး အမြို့မြို့တွင် အသိပညာပေး၊ စာအုပ်၊ စာစောင်များ လှူဒါန်း

နေပြည်တော် မတ် ၁၇

နိုင်ငံလူဦးရေအများစုဖြစ်သည့် ကျေးလက်ပြည်သူတို့၏ လူ့အရင်းအမြစ်တိုးတက်ဖွံ့ဖြိုးရေး၊ အတွေးအခေါ် ဗဟုသုတ မြင့်မားရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးရွာစာကြည့်တိုက်များ တည်ထောင်ထားပြီးဖြစ်သည့်အပြင် ကျေးရွာစာကြည့်တိုက်များကို စံ(၅)ရပ်နှင့်ညီပြီး ရေရှည်တည်တံ့ခိုင်မာသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖြစ်လာစေရန်အတွက် ပံ့ပိုးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံအတွင်း၌ စာကြည့်တိုက်များ အသစ်ဖွင့်လှစ်ခြင်း၊ ပံ့ပိုး မြှင့်တင်ဆောင်ရွက်ပေးခြင်းများအား တက်ညီလက်ညီဆောင်ရွက်နေကြသည်ကို အားရဖွယ်တွေ့မြင်နေရသည်။

မြင်းမူ

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၀ရက်က မြင်းမူမြို့နယ် တွင်းကြီးကျေးရွာ၌ အလင်းသစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကျင်းပခဲ့ပြီး**(ယာပုံ)** မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဦးဆောင်၍ ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် အလှူရှင်များက စာကြည့်တိုက် သုံးပရိဘောဂများ၊ စာအုပ်စာတမ်းနှင့် စာစောင်များ၊ အလှူငွေများကို လှူဒါန်းကြကြောင်း သိရသည်။

လားရှိုး

ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနက ကျင်းပသော ကျေးရွာ စာကြည့်တိုက်များဖွံ့ဖြိုးရေး၊ စာဖတ်ရှိန် မြင့်မားရေးဟောပြောပွဲနှင့် စာဖတ် ပြိုင်ပွဲကို မတ် ၈ ရက် နံနက် ၁၀ နာရီတွင် ဆုံကွယ်ကျေးရွာ ပညာ့ အလင်းစာကြည့်တိုက်၌ ကျင်းပပြီး စာအုပ်၊စာစောင်များကို ပေးအပ်လှူဒါန်း ကြသည်။

ဒီပဲယင်း

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အုန်းတပင် ကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်သည့် ရွှေအုန်းပင်စာကြည့် တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ကျင်းပပြီး **(အောက်ဝဲပုံ)** စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာ ရေးနှင့် စာပေအသိအမြင်ကြွယ်ဝရေး တို့ကို ဟောပြောကြောင်း သိရသည်။

အမရပူရ

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်ဥယျာဉ်တော် ကျေးရွာအုပ်စု သရက်တန်းကျေးရွာ ရွာဂုဏ်ရည် စာကြည့်တိုက်သို့ စာအုပ်နှင့်ဂျာနယ်များ လှူဒါန်းပွဲကို မတ် ၂ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့ ၆၂ လမ်း ၁၆ လမ်းနှင့် ၁၇ လမ်းကြားရှိ မန္တလေးရုပ်သေးတိုက်၌ ကျင်းပရာ အလှူရှင်များက စာအုပ်၊ စာစောင်နှင့် ဂျာနယ်မျိုးစုံ ၂၀၀ ကျော်တို့ကို ပေးအပ်လှူဒါန်းရာ သရက်တန်း ကျေးရွာ ရွာဂုဏ်ရည် စာကြည့်တိုက် ဥက္ကဋ္ဌ ဦးစိုးရွှေ(သရက်တန်းစိုးရွှေ စိတ်ပညာ)က လက်ခံရယူပြီး ကျေးဇူး တင်စကားပြောကြားသည်။

လှူဒါန်း

မတ် ၂၀ ရက်တွင် အဆိုပါ စာကြည့် တိုက်၌ စာအုပ်၊ ဂျာနယ်လှူဒါန်းပွဲနှင့် စာဖတ်စွမ်းရည်ဆုပေးပွဲများ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိ ရသည်။

(ကြေးမုံ)

သရက်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

သရက်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ် (က+ခ)ရပ်ကွက် ခ/၁၀ လမ်းနှင့် ဘုရင့်နောင်လမ်းထောင့်ရှိ မြို့သစ်ဓမ္မာရုံကျောင်းတိုက်၌ ကျင်းပ မည်ဖြစ်သည်။

အသက်(၇၅)နှစ်ပြည့်ပြီးသူများ၊ ပါရဂူဘွဲ့ရရှိသူများ၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများ စာရင်းကို အထောက်အထားများဖြင့် ဦးလှဝမ်း ဖုန်း-၆၄၃၆၀၇၊ ဦးကျော်စိုး ဖုန်း-၃၈၇၁၅၉၊ ဦးသိန်းဘော် ဖုန်း-၇၂၀၈၈၀၊ ဦးတင်အောင် ဖုန်း-၅၂၂၃၁၄နှင့် ဦးလှမျိုးအောင် ဖုန်း-၀၉-၅၀၈၉၅၃၇တို့သို့ မတ် ၂၀ ရက် နောက်ဆုံးထား ပေးပို့ကြပါရန်နှင့် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရ သည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

အထက(တာပွန်)အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အထက(တာပွန်)တွင် ၁၉၅၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၉ ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် အထက(တာပွန်)ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူ ဟောင်းများအနေဖြင့် ဦးလှဦး (မြို့နယ်ပညာရေးမှူး) နတ်တလင်း ဖုန်း-၀၅၃-၃၆၀၃၁၊ ဦးထွန်းရှင် (ကျောင်းအုပ်ကြီး၊ အထက တာပွန်) ဖုန်း-၀၅၃-၃၄၂၀၁၊ ဦးမြင့်စိုး ဖုန်း-၀၁-၅၄၂၂၂၆၊ ဦးဟန်ဝင်းအောင် ဖုန်း-၀၉-၅၅၀၃၃၇၈၊ ဦးညွှန့်ဝင်း ဖုန်း-၀၉-၅၃၆၈၃၂၄၊ ဦးကျော်ကျော်နိုင် ဖုန်း-၀၉-၅၃၁၁၄၈၀ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နိုင်ငံတော် သံဃမဟာနာယ...
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်...

နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သာသနာနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က သင်္ကန်းအစရှိသော လှူဖွယ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သာသနာနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မွန်ပြည်နယ် သထုံမြို့နယ် လယ်ဝန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီရိန္ဒထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တောင်ငူမြို့ မြစည်းခုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသထံ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

တိပိဋကဓရ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု (ဘွဲ့ခံ) မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)

ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တောင်ငူမြို့ မြစည်းခုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဏဝံသထံ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က သက်နှင်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ မွန်ပြည်နယ် သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က သက်နှင်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (ဘွဲ့ခံ) ... အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု (ဘွဲ့ခံ) မန္တလေးမြို့ ပေါက်မြိုင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက သက်နှင်းအစရှိသော

ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသထံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သက်နှင်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများက သက်နှင်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဘွဲ့ခံသီလရှင်ဆရာကြီးများထံ နိုင် ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ် မ တော် ကာ ကွယ် ရေး ဦး စီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် လှူဖွယ်ပစ္စည်း များကို ဆက်ကပ် လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က သက်နှင်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြစဉ်။
(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က သက်နှင်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ် ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က သက်နှင်းအစရှိသော လှူဖွယ်

သထုံမြို့နယ် လယ်ဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသိရိန္ဒထံ နိုင်ငံတော် အေးချမ်း

လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု (ဘွဲ့ခံ) မန္တလေး မဟာဝိဇိတာရုံ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိ ထံမှ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ အဖွဲ့ဝင်များနှင့် ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဘွဲ့ခံသီလရှင်ဆရာကြီးများထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

အဘိဓဇမဟာရဋ္ဌဂုရု (ဘွဲ့ခံ) မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသထံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က သက်နှင်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၃-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၂။ ဦးတည်ချက် (၁၂)ရပ်
- ၈း၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၄။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၅။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၀ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄း၂၅ ၇။ မြန်မာစာ၊ မြန်မာစကား (အပိုင်း-၉)
- ၄း၃၀ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၉။ လျှပ်တစ်ပြက်
- ၄း၄၅ ၁၀။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ၁၁။ အိုင်စီတီသုတ
- ၅း၀၀ ၁၂။ ကြိုတင်တားဆီးရန်သူမီး
- ၅း၂၅ ၁၃။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၄။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၂)
- ၆း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၆။ အမျိုးသားရေးတေးကဗျာ
- ၆း၁၅ ၁၇။ "ရွှ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၈။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၂၀)**
- ၈း၀၀ ၂၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၂၁။ အမျိုးသားရေးတေးကဗျာ
- ၂၂။ ဦးတည်ချက်(၁၂)ရပ်
- ၂၃။ နိုင်ငံတကာသတင်း
- ၂၄။ မိုးလေဝသသတင်း
- ၂၅။ သံစဉ်များနှင့်ကမ္ဘာ
- ၂၆။ စိုက်ပျိုးသုတ
- ၂၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၁၈)**
- ၃၀။ ကမ္ဘာတစ်ခွင်ခရီးစဉ်
- ၃၁။ သင့်အတွက်မနက်ဖြန်
- ၃၂။ အပိတ်နှုတ်ဆက်စကား
- ၃၃။ ပြီးပါပြီ။

18-3)09.pmd 1 3/18/2011, 2:43 AM

နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုမင်္ဂလ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် မြို့ဘကျေးရွာ ခမည်းတော်ဦးဖိုးအောင်၊ မယ်တော် ဒေါ်ဖွားကြီးတို့မှ ၁၂၉၂ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်(သောကြာနေ့)တွင် ဖွားမြင်တော်မူသောသားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၈ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် မြင်းခြံခရိုင် တောင်သာမြို့နယ် မြို့ဘကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂ ခုနှစ် ပထမဝါဆိုလဆန်း ၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဘဒ္ဒန္တနေမိန္ဒကိုပင် ဥပဇ္ဈာယ်ပြု၍ ဆရာတော်၏ ပစ္စယာနုဂ္ဂဟဖြင့် မြို့ဘကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် မြို့ဘကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒ၊ ဘဒ္ဒန္တရေဝတစသော စာချဆရာတော်တို့အထံ၌ လည်းကောင်း၊ မိတ္ထီလာမြို့ သဒ္ဒမ္မဝံသာရုံတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမနှင့် စာချဆရာတော်များ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရနှင့် စာချဆရာတော်များထံ၌ လည်းကောင်း၊ ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းများကိုသင်ယူခဲ့ပြီး မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရ နိကာယ်ဂုဏ်ထူး (၃) ကျမ်းနှင့်တကွ ဓမ္မာစရိယစာချတန်း စာမေးပွဲကို အောင်မြင်တော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေး

အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၃၀ ပြည့်နှစ်မှစ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို နှစ်ပေါင်း ၄၀ တိုင် ပို့ချတော်မူခဲ့ပြီး ပခုက္ကူမြို့နယ် ဝိနည်းဓိုရ်၊ တိုင်းဝိနည်းဓိုရ်အဖြစ် လည်းကောင်း၊ ပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယတစ်ခုလုံး၏ မဟာဝိနာယကနှင့် နိုင်ငံတော်ဩဝါဒါစရိယအဖြစ် လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။



ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး ပရိယတ္တိဆေကဂုဏ်၊ ပဋိပတ္တိမာမကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမစသည့် ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၆ (၁၉၉၅)ခုနှစ်တွင် **အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ** ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း၊ ၁၃၆၁ (၂၀၀၀) ပြည့်နှစ်တွင် **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၀) သိက္ခာတော် ဝါ(၆၀)အရ ၁၃၇၂ ခုနှစ် တပေါင်းလဆန်း ၁၂ ရက် (၁၆-၃-၂၀၁၁) (ဗုဒ္ဓဟူးနေ့) ည ၉ နာရီ မိနစ် ၂၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ ဘဝနတ်ထံ ပျံလွန်တော်မူ

ရန်ကုန် မတ် ၁၇

နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသော သက်တော်(၈၀) သိက္ခာတော် ဝါ(၆၀)ရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလသည် (၁၃၇၂ခုနှစ် တပေါင်းလဆန်း ၁၂ ရက်) မတ် ၁၆ ရက် (ဗုဒ္ဓဟူးနေ့) ည ၉ နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနက "ခေတ်ရေစီးထဲက ပုဂ္ဂိုလ်များ" အတ္ထုပ္ပတ္တိစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၇

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနသည် မြန်မာသမိုင်းသုတေသန စာစောင်များ၊ သုတေသနပြု၍ ရေးသားပြုစုထားသော စာအုပ်များကို စဉ်ဆက်မပြတ် ထုတ်ဝေလျက်ရှိရာ ယခုခေတ်ရေစီးထဲက ပုဂ္ဂိုလ်များ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

(ယာပုံ)

ယခု ခေတ်ရေစီးထဲကပုဂ္ဂိုလ်များ စာအုပ်၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များကို တိုတိုနှင့် လိုရင်းရောက်အောင် ကိုယ်ရေးသမိုင်းအကျဉ်းပုံစံဖြင့် ပြုစုရေးသားထားသည်။ ယနေ့နိုင်ငံတော်သည် စနစ်သစ်အုပ်ချုပ်ရေးဖြင့် သမိုင်းတစ်ခေတ်ကူးပြောင်းလျက်ရှိရာ သမိုင်းတစ်ကွေ့တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့၌ ထင်ရှားခဲ့သည့် ပုဂ္ဂိုလ်များ၏ သိသင့်သည့် အချက်အလက်များကို ခေတ်သစ်စနစ်သစ်တွင် ပန်းပြောင်းတာဝန်ယူပွဲကိုင်မည့်သူများနှင့် မျိုးဆက်သစ်လူငယ်များ လေ့လာမှတ်သားနိုင်ရန် ပြုစုခြင်းဖြစ်သည်။

ခေတ်ရေစီးထဲကပုဂ္ဂိုလ်များ စာအုပ်သည် စနစ်သစ်အုပ်ချုပ်ရေးကို ပွဲကိုင်မည့်သူများနှင့် မျိုးဆက်သစ်လူငယ်များအတွက် ရည်ရွယ်ပြုစုထားသော်လည်း မြန်မာပြည်သူတိုင်း၊ အတ္ထုပ္ပတ္တိစာပေလေ့လာလိုသူတိုင်း၊ သမိုင်းလေ့လာသူနှင့် သမိုင်းပညာရပ်ကို ဝါသနာထုံသူတိုင်းအတွက်လည်း မရှိလျှင်မဖြစ် လက်ဝယ်ရယူထားရမည့် စာအုပ်ဖြစ်သည်။

ဤစာအုပ်ကို သမိုင်းသုတေသနဦးစီးဌာနက ဖြန့်ချိ၍ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနဦးစီးဌာန၏ စာအုပ်အရောင်းဆိုင်နှင့် နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန ရုံးအမှတ် (၃၅)တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၅၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ထို့အပြင် နေပြည်တော် ရုံးအမှတ် (၃၅) ဖုန်း-၀၆၇-၄၀၈၃၈၄၊ ၄၀၈၃၄၄ နှင့် ရန်ကုန်မြို့ အမျိုးသားပြတိုက် သမိုင်းသုတေသနဦးစီးဌာန ဖုန်း-၀၁-၃၉၅၁၉၀ နှင့် ၃၉၅၁၉၂ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

သမိုင်းသုတေသန ဦးစီးဌာနက ထုတ်ဝေခဲ့သည့် မြန်မာသမိုင်းသုတေသန စာစောင်များနှင့် စာအုပ်များကိုလည်း အထက်ပါလိပ်စာများအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အစားဗေဒဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

MAT Professional Training & Services နှင့် Guardian Independent Certification Ltd. (UK) တို့ ပူးပေါင်း၍ အစားအစာသင်တန်း (Food Science)ကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ အစားအသောက်ဖြန့်ဖြူးရောင်းချသော လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ စားသောက်ကုန်လုပ်ငန်းများနှင့် ဆက်စပ်နေသောလုပ်ငန်းများမှ Senior Management များ၊ Operation Staff များနှင့် အခြားစိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ ၎င်းသင်တန်းသို့ တက်ရောက်ခြင်းအားဖြင့် အစားအသောက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော လုပ်ငန်းများ သိထားသင့်သော Good Manufacturing Practice (GMP)၊ အစားအသောက်များတွင် ထည့်သွင်းအသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ ထုပ်ပိုးမှုနှင့်သက်ဆိုင်သော စံချိန်စံညွှန်းများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးလမ်းညွှန်မှုများ၊ အစားအသောက်ထုတ်လုပ်မှုနှင့် သိုလှောင်မှုဆိုင်ရာစံညွှန်းများ အစရှိသည်တို့ကို လေ့လာနိုင်မည်ဖြစ်သည်။

MAT Professional Training & Services ၌ Food Science သင်တန်းများအပြင် ISO သင်တန်းများ၊ Corporate သင်တန်းများ၊ Marketing သင်တန်းများနှင့် Auditing သင်တန်းများကို လစဉ်ပို့ချလျက်ရှိကြောင်း၊ ကုမ္ပဏီများ ISO လက်မှတ်ရရှိရေးအတွက် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် LCCI, CAT, ACCA နှင့် ABE သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိကြောင်း။

စိတ်ပါဝင်စားသူများအနေဖြင့် MAT Professional Training & Services ဖုန်း-၂၄၆၆၁၈၊ ၂၄၂၄၃၁ နှင့် www.matprofessional.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တောင်ကြီးမြို့ အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

တောင်ကြီးမြို့ အမှတ် (၂)အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယ ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးမြတ်သူ ဖုန်း-၀၉-၄၉၃၅၀၈၇၅၊ ဦးစိုးညွန့် ဖုန်း-၀၉-၅၂၅၀၇၇၈၊ နန်းမြအိမ် ဖုန်း ၀၉-၅၂၄၂၂၈၀၊ မစုစု ဖုန်း ၀၉-၅၂၁၄၉၈၇၊ ဦးမြင့်ဆွေ ဖုန်း ၀၉-၅၂၁၃၃၃၉၊ ဒေါ်တင်တင်အေး အမှတ် (၃၄၂) မင်္ဂလာဦးရပ် တောင်ကြီးမြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။ (ကြေးမုံ)

မတ် ၅ ရက်က WESTERN PARK ROYAL ၌ ကျင်းပသော ထားဝယ်အသင်း နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုနှင်းပွဲတွင် ထားဝယ်အသင်းဥက္ကဋ္ဌ ဦးခင်စိုး အလှူငွေကျပ် ၂၇ သိန်းနှင့် ငါးမူးသားရွှေဆွဲပြားနှစ်ပြားကို ပေးအပ်လှူဒါန်းရာ ဦးဆောင်နာယကက ဦးလှတင် လက်ခံစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ Media Corner ဆိုင်ခန်းများ ဖွင့်လှစ်မည်

ရန်ကုန် မတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ကြီးကြပ်မှုဖြင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြင့်မားရေးနှင့်စာနယ်ဇင်းဖြန့်ချိရေးလုပ်ငန်းများ တိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပန်းဘဲတန်း၊ ကျောက်တံတား၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ လမ်းမတော်နှင့် လသာမြို့နယ်များ၌ Media Corner ဆိုင်ခန်း (၃၈)နေရာကို ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါ Media Corner ဆိုင်ခန်းများတွင် ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်များနှင့် ဖုန်းကတ်စသည့် Media နှင့် ပတ်သက်သည့် ဆက်စပ်ပစ္စည်းများကို ရောင်းချခွင့်ပြုမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် လက်ရှိစာအုပ် အရောင်းဆိုင်ဖွင့်လှစ်နေသူများ၊ စာပေဖြန့်ချိရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များ၊ အဖွဲ့ဝင်အဆိုပြုလွှာတင်သွင်းထားသူများ လျှောက်ထားနိုင်သည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စာပေဗိမာန် ဒုတိယထပ် အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၄၁၇ နှင့် ၃၈၅၂၇၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၃-၂၀၁၁ (သောကြာနေ့)

(၁၃၇၂ခုနှစ်၊ တပေါင်းလဆန်း ၁၄ရက်၊ အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဂ္ဂိဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၅	၈။	(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၁၀	၃။	တေးဂီတအစီအစဉ်
၄း၂၀	၄။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၃၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၄း၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၇။	နှောင်းခေတ်တေးပဒေသာ
၅း၁၀	၈။	မြန်မာစာ၊ မြန်မာစကား
၅း၂၅	၉။	(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၅	၁၀။	"ရိုးသားဖြူစင်ကလေးတို့အသွင်"
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၁၈)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ခါနွေဆန်းစတပေါင်းလ
	၁၉။	သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ နွေဦးဆောင်းနှောင်းလတပေါင်း (အပိုင်း-၁)
	၂၀။	အစီအစဉ်ပြီး၏။

ငွေဆောင်ကမ်းခြေဖွင့်လှစ်ခြင်း အထိမ်းအမှတ် နှစ်ပတ်လည်အခမ်းအနား ကျင်းပမည်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ၏ အလှဆုံးကမ်းခြေများအနက် တစ်ခုအပါအဝင်ဖြစ်သော ငွေဆောင်ကမ်းခြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေဆောင်ကမ်းခြေအား နိုင်ငံတကာမှ ပိုမိုသိမြင်လာပြီး မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းမြှင့်တင်လာစေရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်လက်အောက်ရှိ ငွေဆောင်ဇုန်တွင် ငွေဆောင်ကမ်းခြေဖွင့်လှစ်ခြင်းအထိမ်းအမှတ် နှစ်ပတ်လည်အခမ်းအနားကို မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် တေးဂီတဖျော်ဖြေပွဲ၊ ကမ်းခြေဖက်ရှင်အလှပြပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကမ်းခြေအားကစားပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့ နန်းလုံကျေးရွာ ကျေးလက်မြေသားလမ်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၁၇

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)မှ နန်းလုံကျေးရွာသို့ ဖြတ်သန်းဖောက်လုပ်ထားသော ကျေးလက်မြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျေးလက်မြေသားလမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးသိန်းနိုင်က မြေသားလမ်းဆောင်ရွက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဒေသခံပြည်သူတစ်ဦးတို့က မြေသားလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** တက်ရောက်လာကြသော ဧည့်ပရိသတ်များနှင့်အတူ ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါမြေသားလမ်းသည် အကျယ်ပေ ၂၀၊ အမြင့် ၂ ပေ၊ လမ်းအရှည် ပေ ၁၃၂၀၀ ရှိပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၂၀၂ ဒသမ ၉ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မှတ်ပုံတင်သက်တမ်းလွန်၊ မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်၍ အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း ကြေညာ

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိခြင်း၊ မှတ်ပုံတင်သက်တမ်းလွန်သည့် ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန	မှတ်ချက်
၁	ခြင်္သေ့နရသုခ နှလုံးငြိမ်သွေးဆေးကြီး	ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။	မှတ်ပုံတင်မရှိ
၂	ကြယ်အမှတ်တံဆိပ် ဘီးစပ်ဆီ	လွိုင်ကော်မြို့၊ ကယားပြည်နယ်။	မှတ်ပုံတင်မရှိ
၃	သိမ်ဖြူ ချွဲကြေသလိပ်နိုင်ဆေးလုံး	အမှတ်(၂၈)၊ ကုန်သည်လမ်း၊ ဈေးပိုင်းရပ်၊တောင်ကြီးမြို့။	မှတ်ပုံတင်မရှိ
၄	စံပြ လေကျပ်၊ ပန်းနာရင်ကျပ်၊ သူငယ်နာချွဲကြေသောက်ဆေး	ဦးအောင်ဖေ၊ ဒေါ်တင်အေးနှင့် သားသမီးများ၊ မြောင်မြို့။	မှတ်ပုံတင် သက်တမ်းလွန်
၅	ရွှေကြိုးကြာ ယားနာပျောက်ဆေး	အမှတ်(၃၄)၊ မကြီးကြီးလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။	မှတ်ပုံတင် သက်တမ်းလွန်

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ မှတ်ပုံတင်သက်တမ်းလွန်သော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါစံမညီဆေးဝါးများအား ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သန်လျင်မြို့နယ်၌ ရိုးရာပန်းပညာရှင်များအစည်းအရုံး ဖွဲ့စည်း

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ သန်လျင်မြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက အမှာစကားပြောကြားပြီး ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင် (ပန်းချီလှတင်ထွန်း)၊ အတွင်းရေးမှူး ဦးကြည်ဝင်း(Today)တို့က ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ဖွဲ့စည်းပုံစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အတွင်းရေးမှူး ဦးသော်သော်တင့်တို့ ပါဝင်သော အလုပ်အမှုဆောင်ရှစ်ဦးဖြင့် မြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အလက(၅)မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

၁၉၇၀ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ အလက(၅)မြောက်ဥက္ကလာပ၌ ပညာသင်ကြားပို့ချခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများအား စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက်ရှိ အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဦးတင်ထွေး ဖုန်း-၇၂၂၅၉၃၊ ဦးမောင်မောင်ကြီး ဖုန်း-၆၅၅၉၀၄၊ ဦးတင်ကို ဖုန်း-၆၅၅၇၂၈၊ ဦးဝင်းမြင့် ဖုန်း-၀၉-၇၃၀၇၃၇၈၆၊ ဒေါ်ခင်မိုးကြည် ဖုန်း-၀၉-၇၃၀၁၈၄၄၃၊ ဦးသင်းကြိုင် ဖုန်း-၀၉-၅၁၈၈၂၀၁၊ ဦးဇော်ဝင်း ဖုန်း-၀၉-၄၃၀၂၂၈၀၁ နှင့် ဦးသန့်ဇင် ဖုန်း-၀၉-၅၁၈၈၄၃၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီး မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ပြည်နယ်မီးသတ်ဦးစီးမှူး၊ မြို့မဈေးဈေးကော်မတီတို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဌေးကြွယ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင် ငံ တ ကာ အား က စား သ တင်း

နိုင် ငံ တ ကာ အား က စား သ တင်း

ဒိုင်ကိုလေလုံးထွားထွားဖြင့် ဝေဖန်ခဲ့သည့် ဖာဂူဆန် ငါးပွဲပယ်ပြစ်ဒဏ်နှင့် ပေါင်သုံးသောင်းဒဏ်ရိုက်ခံရ

လန်ဒန် မတ် ၁၇

မန်ယူနည်းပြဖာဂူဆန်သည် ပရီမီယာလိဂ်ပွဲစဉ်(၁၈) လက်ကျန်ပွဲအဖြစ် ချယ်လ်ဆီးနှင့်ကစားခဲ့သည့်ပွဲတွင် ကွင်းလယ်ဒိုင်လူကြီး မာတင်အက်ကင်ဆန်ကို ပြင်းထန်စွာဝေဖန်ခဲ့မှုနှင့် ပတ်သက်၍ စွဲချက်တင်ခံခဲ့ရသည်။

တစ်ပေါင်းတည်း

ယင်းပြစ်မှုနှင့်ပတ်သက်၍ အက်ဖ်အေက ဖာဂူဆန်ကို သုံးပွဲပယ်ပြစ်ဒဏ်နှင့် ပေါင်သုံးသောင်း ဒဏ်ရိုက်လိုက်သည်။ ဖာဂူဆန်သည် ၂၀၀၉ ခုနှစ် အောက်တိုဘာလကလည်း ဒိုင်လူကြီးအလံပီလေကို ဝေဖန်ခဲ့မှုအတွက် လေးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရဖူးသည်။ ထိုစဉ်က ဖာဂူဆန်အနေဖြင့် နှစ်ပွဲသာပြစ်ဒဏ်ခံခဲ့ရပြီး နှစ်ပွဲမှာ ဆိုင်းငံ့အဖြစ်ထားရှိခဲ့သည်။ ယခုအခါတွင် ၎င်းသည် အဆိုပါ ဆိုင်းငံ့နှစ်ပွဲကို ယခုပြစ်ဒဏ်နှင့်ပေါင်း၍ တစ်ပေါင်းတည်းကျခံရတော့မည်ဖြစ်ခြင်းကြောင့် စုစုပေါင်း ပွဲပယ်ပြစ်ဒဏ်မှာ ငါးပွဲတိတိဖြစ်သွားသည်။

ဖာဂူဆန်၏ အဆိုပါပွဲပယ်ပြစ်ဒဏ်မှာ မတ် ၂၂ ရက်(အင်္ဂါနေ့)တွင် စတင်အကျိုးဝင်မည်ဖြစ်သည်။ ထို့ကြောင့် ဖာဂူဆန်သည် ပရီမီယာလိဂ်ပွဲစဉ်(၃၁)အဖြစ် ဝက်ဟမ်းနှင့်အဝေးကွင်းကစားရမည့်ပွဲ၊ ပရီမီယာလိဂ်ပွဲစဉ်(၃၂)အဖြစ် ဖူလ်ဟမ်နှင့် အိမ်ကွင်းကစားရမည့်ပွဲ၊ ပရီမီယာလိဂ်ပွဲစဉ် (၃၄)အဖြစ် အဲဗာတန်နှင့် အိမ်ကွင်းကစားရမည့်ပွဲနှင့် ပရီမီယာလိဂ် ပွဲစဉ်(၃၅)အဖြစ် အာဆင်နယ်နှင့် အဝေးကွင်းကစားရမည့်ပွဲတို့အပြင် ဝင်ဘလေကွင်းတွင် မန်စီးတီးနှင့် ကစားရမည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲကိုပါ ပွဲကြီးကြပ်ခွင့်ရတော့မည်မဟုတ်ပေ။

အင်တာနက်။

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များပြီးဆုံး ချယ်လ်ဆီးနှင့် ရီးယဲလ်မက်ဒရစ်တို့ ကွာတားတက်

လန်ဒန် မတ် ၁၇

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ၏ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက် ဒုတိယအကျော့နောက်ဆုံးပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ချယ်လ်ဆီးနှင့်ရီးယဲလ်မက်ဒရစ်တို့ကွာတားဖိုင်နယ်သို့ တက်နိုင်ခဲ့ပြီ ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ဒိန်းမတ်ကလပ် ကိုပင်ဟေဂင်ကို ပထမအကျော့က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထား၍ ယခုပွဲတွင် လူစုံထုတ်လာခဲ့သော်လည်း သရေကိုသာ ထိန်း၍ သက်သောင့်သက်သာကစားကာ ကွာတားဖိုင်နယ်သို့ တက်နိုင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပထမအကျော့အဝေးကွင်းတွင် လိုင်ယွန်ကို တစ်ဂိုးစီ သရေကျထားသည်။ ထို့ကြောင့် ယခုပွဲတွင် အနိုင်ရရေးခြေကုန်ထုတ်ကစားခဲ့ရာ ၃၇ မိနစ်တွင် မာဆယ်လို၊ ၆၆ မိနစ်တွင် ဘန်ဇီမာနှင့် ၇၆ မိနစ်တွင် ဒီမာရီယာတို့၏ ဂိုးများဖြင့် အနိုင်ရကာ နှစ်ကျော့ပေါင်းလေးဂိုး-တစ်ဂိုးဖြင့် ကွာတားတက်နိုင်ခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၁၈ ရက် (သောကြာနေ့) ညတွင် မဲခွဲရွေးချယ်မည်ဖြစ်သည်။

အင်တာနက်။

ဟန်သစ်

ဇမ္ဗူသီရိမြို့နယ်၌ မီးလောင် အလုပ်သမား တဲကိုးလုံး မီးလောင်ဆုံးရှုံးခဲ့

နေပြည်တော် မတ် ၁၇

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ အလုပ်သမားတဲစုတစ်စု၌ မတ် ၁၃ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားပြီး အလုပ်သမားတဲကိုးလုံးခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း မီးလောင်မှုဖြစ်စဉ်များတွင်လည်း ပေါ့ဆမီးကြောင့်မီးလောင်ကျွမ်းမှုမှာ မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၇၇ ဒသမ ၅၇ ရာခိုင်နှုန်းခန့်ပါဝင်သဖြင့် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးသတိထားကြရန် လိုအပ်ကြောင်း မီးသတ်ဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးမလောင်ခင်သတိယှဉ် ကြိုတင်ကာကွယ်ပါ

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်းနေ ဦးမောင်မောင်-ဒေါ်လှတင့် မိသားစုက ဒီဇင်ဘာ ၂၂ ရက်နေ့တွင် ကျရောက်သော ဦးမောင်မောင်၏မွေးနေ့အတွက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၌ အသုံးပြုရန် သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုတစ်စုံအတွက် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးမောင်မောင်လက်ခံစဉ်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညို သဒ္ဓါပွားကြသည့် သာသနာ့ကျက်သရေဆောင် ဥပ္ပါတသန္တိစေတီတော်

သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ဆောင်းအကုန် နွေအကူး မင်းလွင်မြူးသည့် မိန်ရာသီ လတပေါင်းသို့ ချင်းနင်းဝင်ရောက်၍ လာခဲ့ချေပြီ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တစ်ခွင်၌ တောပန်း၊ တောင်ပန်းတို့ အစီအရီဖူးပွင့်ကာ ကျေးငှက်သာရကာအပေါင်းတို့ကလည်း နွေဦးကို ကြိုဆိုလျက်ရှိလေသည်။

နေပြည်တော် ရာဇဌာနီလမ်းမကြီးပေါ်မှ မော်တော်ယာဉ်ဖြင့် ဖြတ်သန်းသွားတိုင်း မြင့်မားထွတ်မြတ်သော ကုန်းတော်ထက်ရှိ ကြည်ညိုဖွယ်ရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို လက်အုပ်ချီမိုး၍ ရှိခိုးကော်ရော်မိသည်ချည်းပင်။

ကောင်းကင်ပြာပြာနောက်ခံတွင် ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့်ဖြင့် သပ္ပာယ်လှစွာသော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသည် ဖူးမြင်ရသူတိုင်း၏ စိတ်သန္တာန်ကို အေးငြိမ်းမှု(သန္တိသုခ) ပေးစွမ်းနိုင်ပါပေ၏။ ဥပ္ပါတသန္တိစေတီတော်ဆိုသည်မှာ ဖြစ်ပေါ်လာတတ်သည့် ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်တို့ကို ငြိမ်းအေးစေသည့်စေတီတော်ဟု အဓိပ္ပာယ်ရသည် မဟုတ်ပါလား။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူပြည်သူများသည် ရှေး ဘိုးစဉ်ဘောင်ဆက်ကပင် ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည် ကိုးကွယ်ဆည်းကပ်ခဲ့ကြပြီး သာသနာတော်အဓွန့်ရှည်စွာ စည်ပင်ပြန့်ပွားအောင် သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည်။ နိုင်ငံတစ်ဝန်းတွင် လက်ညှိုးညွှန်မလွဲ တွေ့မြင်ရသော ဘုရားကျောင်းကန် စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများသည် ခေတ်အဆက်ဆက် ထွန်းလင်းတောက်ပခဲ့သည့် မြတ်ဗုဒ္ဓ၏သာသနာတော်ကို ဖော်ညွှန်းပြသလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် နေပြည်တော်ကို နိုင်ငံတော်၏ မြို့တော်အဖြစ် တည်ဆောက်ရာတွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်လည်းကောင်း၊ နိုင်ငံတော်သူ နိုင်ငံတော်သား၊ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ ကုသိုလ်တရား တိုးပွားစေရန် ရည်သန်၍ အစိုးရနှင့် ပြည်သူတို့ သဒ္ဓါထက်သန်စွာ စုပေါင်း ပါဝင်လှူဒါန်းမှုဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို တင့်တယ်သပ္ပာယ်စွာ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့✤

ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်ထားသည့် ရှင်ဥပဂုတ္တကျောင်းဆောင်တော်နှင့် မာလိနီ မင်္ဂလာရေကန်တော်မှာ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ။